# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်၊ သောကြာနေ့။ Friday, 12 May 2023 ၁၁၀၉၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံလေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်နိုင်မည့် အခြေအနေများနှင့် ကျိုင်းတုံဟော်နန်းပုံစံတူ တည်ဆောက်နေမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး



## ကျိုင်းတုံမြို့ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် အဆင့်မြှင့်တင်ခြင်းဖြစ်

နေပြည်တော် မေ ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျိုင်းတုံလေဆိပ် အဆင့်မြှင့်တင်နိုင်မည့် အခြေအနေများနှင့် ကျိုင်းတုံဟော်နန်းပုံစံတူ တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့သို့ ရောက်ရှိကြရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

**ကြည့်ရှုစစ်ဆေး**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံ ဟော်နန်းပုံစံတူ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။




ယနေ့ ဖတ်စရာ

လက်နက် ဥပဒေ ပြဋ္ဌာန်း — စာမျက်နှာ » ၅

ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများနှင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းချိတ်ဆက်ဆောင်ရွက် — စာမျက်နှာ » ၈

၂၀၂၃ ခုနှစ် ဧပြီလအတွင်း ဝန်းကျင်လေထု အရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက် — စာမျက်နှာ » ၁၅

အားကောင်းသော ဆိုင်ကလုန်း မုန်တိုင်း အခြေအနေ — စာမျက်နှာ » ၁၈

ကြေးမုံ

# စိုက်ပျိုးစွမ်းအားမြှင့်တင် နိုင်ငံ့စီးပွားတိုးတက်မြင့်မား

မြန်မာနိုင်ငံသည် စိုက်ပျိုးရေ၊ စိုက်ပျိုးမြေ၊ ရေမြေသဘာဝအခြေခံကောင်းမွန်သည့်နိုင်ငံဖြစ်သည်။ ရာသီဥတုပြောင်းလဲဖောက်ပြန်သည့် ကာလမှလွဲ၍ ကျန်အချိန်တွင် စိုက်ပျိုးရေးလုပ်ငန်းကို တိုးတက်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်သောနိုင်ငံဖြစ်သည်။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြကာ အားလုံးနီးပါးသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံပြီး အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်ကြသည်။

၂၀၁၉ ခုနှစ် လူဦးရေသန်းခေါင်စာရင်းအရ လူဦးရေ ၄၅ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးမွေးမြူရေးနှင့် နီးနွယ်လုပ်ကိုင်နေကြသူများဖြစ်သည်ကို တွေ့ရှိရသည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်လာအောင် မြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားရေးလည်း တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍတွင် အဓိကအားဖြင့် စပါးနှင့်ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုး၊ ဝါ၊ ကြံ၊ ပြောင်းနှင့် မီးဖိုချောင်သုံးသီးနှံများ၊ လက်ဖက်၊ ရော်ဘာ၊ ကော်ဖီ၊ ဆီအုန်းစသည့် စက်မှုကုန်ကြမ်းသီးနှံများကို အများဆုံးစိုက်ပျိုးကြသည်။

မြန်မာနိုင်ငံ၌ ဆန်စပါးကိုအဓိကစိုက်ပျိုးကြပြီး မိုးစပါးစိုက်ပျိုးပြီးချိန်တွင် အခြားသီးနှံများကို အထွက်တိုးအောင် စိုက်ပျိုးကြမည်ဆိုပါက သီးထပ်စွမ်းအားတိုးတက်လာမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များသည် အရေးကြီးပြီး စိုက်ပျိုးနည်းပညာနှင့် စက်မှုလယ်ယာစနစ် တိုးတက်ထွန်းကားလာရေးသည်လည်း အရေးပါသည်။ ခေတ်မီစက်ကိရိယာများကို အသုံးပြု၍ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်းဖြင့် အချိန်ကုန်၊ လူပင်ပန်းသက်သာပြီး လေလွင့်ဆုံးရှုံးမှုကို လျော့နည်းစေသဖြင့် ခေတ်မီစက်မှုလယ်ယာစနစ် ထွန်းကားလာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့အပြင် ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးခြင်းဖြင့် စိုက်ပျိုးထွက်ကုန်များကို လွယ်ကူလျင်မြန်စွာ ရောင်းဝယ်ဖောက်ကားနိုင်မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မေလ ၁၀ ရက်နေ့၌ ပြုလုပ်သည့် စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးအစည်းအဝေးတွင် “ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလေးထားလုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လိုအပ်ကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး ထုတ်လုပ်မှုကို မြှင့်တင်ပေးရန်နှင့် သီးထပ်စွမ်းအားကို မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးခြင်းနှင့် ဆီထွက်သီးနှံများကိုသာမက မီးဖိုချောင်သုံးဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်းသည်လည်း နိုင်ငံအတွက် ဝင်ငွေပိုမိုရရှိစေမည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့်ဆက်နွှယ်နေသည့် ပြည်သူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာများ အားနည်းကြသဖြင့် သမားရိုးကျ လုပ်ကိုင်ဆောင်ရွက်ကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ခေတ်မီနည်းစနစ်များဖြင့် စီးပွားဖြစ်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲက စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာတို့နှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများအား မကြာခဏလမ်းညွှန်မှာကြားလျက်ရှိသည်။ ပြည်သူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတများကို လွယ်ကူစွာတတ်သိနားလည်လာအောင် ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။ ထို့အပြင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးစလုံး ပြည့်စုံအောင် ဆောင်ရွက်ပေးနိုင်လျှင် သီးနှံအထွက်နှုန်းများ တိုးတက်လာမည်ဖြစ်သည်။

မြေယာပြုပြင်ခြင်းလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းတွင် အဓိကကျသည်။ စိုက်ပျိုးရေသည် အရေးပါသဖြင့် စိုက်ပျိုးရေရရှိအောင် မြစ်ချောင်းသဘာဝစီးရေများကို ယာယီပိတ်ဆည်တမံများပြုလုပ်၍ အသုံးချနိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ သီးနှံစိုက်ပျိုးရာတွင် စိုက်နည်းစနစ်မှန်ကန်မှသာ အထွက်နှုန်းကောင်းမည်ဖြစ်၍ ပင်ခြား၊ တန်းခြားစိုက်နည်းစနစ်စသည်တို့ကို မျှဝေပေးကြရမည်ဖြစ်သည်။ တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးခြင်းအားဖြင့် အကျိုးအမြတ်များ ရရှိခံစားနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မှာကြားခဲ့သော အချက်များအား အလေးထားလိုက်နာဆောင်ရွက်ခြင်းအားဖြင့် အရည်အသွေးပြည့်မီသော စိုက်ပျိုးရေးထုတ်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ မျှော်မှန်းထားသည့် နိုင်ငံ့စီးပွားရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာအောင် ဆောင်ရွက်နိုင်ရန်အတွက် ရေခံမြေခံကောင်းများရှိပြီးဖြစ်သည့် မြန်မာနိုင်ငံတွင် စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး လိုအပ်သည်များကို အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ယဉ်မျိုးသူ ကို မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## SIM Card များ စနစ်တကျ မှန်ကန်စွာ မှတ်ပုံတင်သုံးစွဲနိုင်ရေး အသိပေးကြေညာချက်

၁။ ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database တွင်ရှိသော အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ တိုက်ဆိုင်စစ်ဆေးပြီး အချက်အလက်မမှန်သော နိုင်ငံသားစိစစ်ရေးကတ်များဖြင့် မှတ်ပုံတင်ထားသောဆင်းကတ်သုံးစွဲသူများထံ ရက်ပေါင်း (၃၀) အတွင်း မှန်ကန်စွာ ပြန်လည်မှတ်ပုံတင်ရန် အသိပေးစာတို (SMS)များ ပေးပို့သွားမည်ဖြစ်ပါသည်။ အသိပေးစာတို SMS များရရှိပြီး ရက်ပေါင်း (၃၀) အတွင်း နိုင်ငံသားစိစစ်ရေးကတ်အမှန်ဖြင့် ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းမရှိသော ဆင်းကတ်များအား One Way Block (အထွက်ခေါ်ဆိုမှု၊ အထွက်စာတိုပေးပို့မှုနှင့် ဒေတာအသုံးပြုမှုရပ်ဆိုင်းခြင်း) ဆောင်ရွက်မည်ဖြစ်ပြီး၊ ထိုသို့ One Way Block ဆောင်ရွက်ထားသည့် အချိန်မှစ၍ ရက်ပေါင်း (၉၀) အတွင်း နိုင်ငံသားစိစစ်ရေးကတ် အချက်အလက် အမှန်ဖြင့် လာရောက်ပြင်ဆင်မှတ်ပုံတင်ခြင်းမရှိသော ဆင်းကတ်များအား အပြီးပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

၃။ ထို့ကြောင့် ဆင်းကတ်သုံးစွဲသူ ပြည်သူများအနေဖြင့် မိမိတို့အသုံးပြုနေသောဆင်းကတ်များ ပိတ်သိမ်းခံရမှု မရှိစေရေးအတွက် ပြန်လည်မှတ်ပုံတင်နိုင်ရန် အသိပေးစာတို (SMS) ရရှိပါက သက်ဆိုင်ရာမိုဘိုင်းအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် နိုင်ငံသားစိစစ်ရေးကတ် အချက်အလက်အမှန်ဖြင့် အမြန်ပြန်လည်မှတ်ပုံတင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၁ – ၅ –၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၂၀၀ | ၄၁၉ | ၃,၄၃၅,၆၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၅၀ | ၂,၄၅၁ | ၆,၉၈၅,၃၅၀ |
| MCB | ၇,၀၀၀ | ၇,၀၀၀ | ၀ | ၀ |
| FPB | ၁,၄၅၀ | ၁,၄၀၀ | ၅၈၃ | ၈၁၆,၇၅၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၁ | ၂,၅၅၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၁၀၄ | ၄၉၉,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၁၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၉၄.၇ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၂.၇၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၂.၃၀၅ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၀.၅၉ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၅၈၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၅.၁ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၈၁.၀ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၅၉.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၈.၀၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် – ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး – ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံလေယာဉ်ကွင်း လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်နိုင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**ကျိုင်းတုံဒေသသည် သာယာ လှပသည့် သဘာဝပတ်ဝန်းကျင် ရေမြေတောတောင်ကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ပန်ကွဲကျေးရွာရှိ ဗုဒ္ဓဥယျာဉ်၊ လွယ်မွေအပန်းဖြေ တောင်စခန်းမြို့နှင့် အခြား လည်ပတ်နိုင်သည့် နေရာများစွာရှိ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကျိုင်းတုံလေဆိပ်ရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ရှင်းလင်းတင်ပြစဉ်။

☆ ရှေ့ဖုံးမှ

ထို့နောက် လေဆိပ်ရှင်းလင်းဆောင်တွင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ဇော်နိုင်ဦးတို့က ကျိုင်းတုံလေဆိပ်သမိုင်းအကျဉ်းနှင့် လေဆိပ်ဆိုင်ရာများ၊ လေယာဉ်ပြေးလမ်းနှင့် လေဆိပ်အဆင့်မြှင့်တင်နိုင်မည့်အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လျာထားစီမံကိန်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျိုင်းတုံမြို့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ မြို့တော်ဖြစ်ပြီး လမ်းပန်းဆက်သွယ်မှု ဝေးကွာသည့် နေရာတစ်ခုလည်းဖြစ်ကြောင်း၊ ကျိုင်းတုံဒေသသည် သာယာလှပသည့် သဘာဝပတ်ဝန်းကျင် ရေမြေတောတောင်ကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ပန်ကွဲကျေးရွာရှိဗုဒ္ဓဥယျာဉ်၊ လွယ်မွေအပန်းဖြေ တောင်စခန်းမြို့နှင့် အခြား လည်ပတ်နိုင်သည့်နေရာများစွာရှိကြောင်း၊ ယခုအခါ ပြည်တွင်းခရီးစဉ်များ၌ ဝေးကွာသည့်နေရာများသို့ ဂျက်လေယာဉ်များကို အသုံးပြုလာပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အသုံးပြုလျက်ရှိသော လေယာဉ်ကြီးများ ဆင်းသက်နိုင်သည်အထိ အဆင့်မြှင့်တင်ဆောင်ရွက်ရန် လိုကြောင်း၊ အိမ်နီးနားချင်း နိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင်လည်း လာအိုနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံများမှ ကျိုင်းတုံလေဆိပ်သို့ တိုက်ရိုက်ပျံသန်းဆင်းသက်နိုင်ရေးဆောင်ရွက်ရန်လိုကြောင်း၊ ကျိုင်းတုံမြို့ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် ယခုကဲ့သို့အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံလေယာဉ်ကွင်း၊ လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်နိုင်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နောင်တုံကန်အနီးရှိ ဟော်နန်းဥယျာဉ်မြေ၊ ဟော်နန်းမြေနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိသည့်နေရာတွင် ကျိုင်းတုံဟော်နန်းပုံစံတူ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် နောင်တုံကန် ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးနှင့် နယ်မြေခံ စစ်မြေပြင်အင်ဂျင်နီယာတပ်မှ တာဝန်ရှိသူတစ်ဦးက နောင်တုံကန် ရေဝင်၊ ရေထွက် အခြေအနေများနှင့် ကန်ရေကို ထိခိုက်မှုမရှိစေဘဲ သဲနုန်းတူးဖော်ရေးလုပ်ငန်းကို နုန်းများ အရည်ပျော်စေ၍ စုပ်ထုတ်ဆောင်ရွက်မှု အခြေအနေများ၊ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်မှုအခြေအနေများ၊ ရေအောက်မြေမျက်နှာသွင်ပြင် တိုင်းတာခြင်းနှင့် ပုံထုတ်ခြင်းလုပ်ငန်း(Sonic water Level meter)များကို ဆောင်ရွက်ပြီး သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိမှုနှင့် ကန်ရေသန့်ရှင်းမှုရှိစေရေး ခေတ်မီစက်ကိရိယာ၊ ယန္တရားများကို အသုံးပြုဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို တင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နောင်တုံကန်ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပြီး ကန်ပတ်လမ်း တစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၁**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre–DMC) လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လုပ်ငန်းကော်မတီများမှ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယ ဥက္ကဋ္ဌ(၁) ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA)နှင့် စပ်လျဉ်း၍ မိုးလေဝသခန့်မှန်းချက်များအရ မုန်တိုင်းလမ်းကြောင်း၊ မုန်တိုင်းဝင်ရောက်နိုင်သည့် ဒေသအား အနီးစပ်ဆုံးသိရှိရပြီး ဖြစ်ပါသဖြင့် အရေးပေါ်အချိန်နှင့် အရေးကြီးအချိန် လုပ်ငန်းများကို တွဲဖက်ဆောင်ရွက်ရမည့် အခြေအနေ ဖြစ်ကြောင်း၊ DMC အနေဖြင့် ရခိုင်ပြည်နယ်နှင့်ချင်းပြည်နယ်မှ မုန်တိုင်းလမ်းကြောင်း ကျရောက်နိုင်သည့် မြို့နယ်များတွင် လိုအပ်သည်များ အသင့်ပြင်ဆင်ထားရှိမှု၊ ရွှေ့ပြောင်းပြီးစီးမှု အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပြည့်ပြည့်စုံစုံ ပြုစုထားရှိရန်လိုကြောင်း၊ ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မြန်ဆန်စွာဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယ ဥက္ကဋ္ဌ(၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က အရေးပေါ်တုံ့ပြန်ရေး ကြိုတင်ပြင်ဆင်ထားရှိမှု၊ အရန်ဆန်တန်ချိန် တစ်သောင်း ဝယ်ယူဖြန့်ခွဲမည့်အခြေအနေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပူးပေါင်းချိတ်ဆက် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA)၏ လက်ရှိအခြေအနေ၊ မုန်တိုင်းဦးတည်ရာ လမ်းကြောင်း၊ မုန်တိုင်းပြင်းအား နှင့် မုန်တိုင်းဖြတ်သန်းဝင်ရောက်မည့် အခြေအနေ၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ရှိ မုန်တိုင်းဖြတ်သန်းဝင်ရောက်နိုင်သည့် မြို့နယ်များတွင် လုံခြုံရေးပိုင်းဆိုင်ရာ အသင့်ပြင်ဆင်ထားရှိမှု၊ အရေးပေါ် ဆက်သွယ်ရေးအတွက် ပြင်ဆင်ထားရှိမှု၊ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအတွက် လူအင်အား၊ ယာဉ်အင်အား၊ စက်ပစ္စည်းကိရိယာအင်အားများ စုဖွဲ့ထားရှိမှု၊ Cyclone Shelter နှင့် ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့ပြီးစီးမှုနှင့် ဆက်လက်ပြောင်းရွှေ့ရန် စီစဉ်ထားရှိမှု၊ ဆက်သွယ်မှုကောင်းမွန်စေရေး ဆက်သွယ်ရေးစက်နှင့် Satellite Phone များ တပ်ဆင်ထားရှိမှု၊ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ထားရှိမှု၊ ရခိုင်ပြည်နယ်သို့ ရွှေ့လျားရေသန့်စင်စက်ပေးပို့ပြီးစီးမှု၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့များ စေလွှတ်ပြီးစီးမှုနှင့် ဆက်လက်စေလွှတ်ရန် စီစဉ်ထားရှိမှု၊ လူနာတင်ယာဉ်နှင့် ဆေးရုံများ အသင့်ပြင်ဆင်ထားရှိမှု၊ ဆေးဝါးများနှင့် ရေသန့်ဆေးပြားများ ပို့ဆောင်ထားရှိမှု၊ ဘေလီတံတားနှင့် လူအင်အားစုဖွဲ့ထားရှိမှု၊ ကယ်ဆယ်ရေးပစ္စည်းများ၊ မိုးကာတဲများ၊ တာပေါ်လင်စများ အသင့်ပြင်ဆင်ထားရှိမှု စသည်ဖြင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများအတွက် ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် DMC အဖွဲ့ဝင်ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားလှယ်က မုန်တိုင်းဒီရေ မြင့်တက်လာပါက ဖြစ်ပေါ်လာနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယ ဥက္ကဋ္ဌ(၁) ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ပြည်ထောင်စုဝန်ကြီးတို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်နေသော "မိုခါ"ဆိုင်ကလုန်းမုန်တိုင်း ဘေးအန္တရာယ်အတွက် တိုင်းဒေသကြီး / ပြည်နယ်အသီးသီး၌ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မေ ၁၁**

ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ မီးသတ်ဦးစီးဌာနမှ မုန်တိုင်းဘေးအန္တရာယ် ကျရောက်လာပါက ကူညီကယ်ဆယ်ရေး လုပ်ငန်းများ၊ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများနှင့် အရေးပေါ် ပြုစုခြင်း၊ အရေးပေါ် ရွှေ့ပြောင်းပေးခြင်း လုပ်ငန်းများကို လျှင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၌ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများ၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းကိရိယာများ၊ ရိက္ခာများ အသင့် စုဖွဲ့ထားရှိခြင်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

**ဆောင်ရွက်**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၊ မိုးညှင်းမြို့နယ်၊ ပူတာအိုမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၊ ပုလောမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ မွန်ပြည်နယ် မုဒုံမြို့နယ်၊ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် ဧရာဝတီ တိုင်းဒေသကြီး ပုသိမ်မြို့နယ်၊ လပွတ္တာမြို့နယ်တို့ရှိ ပြည်သူများအနေဖြင့် မုန်တိုင်းဘေးအန္တရာယ် ကျရောက်လာပါကကြိုတင်ကာကွယ်နိုင်ရေး မီးသတ် တပ်ဖွဲ့ဝင်များက အသိပေးနှိုးဆော်ခြင်းများ၊ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များ၊ ခရိုင်များ၊ မြို့နယ်များရှိ မီးသတ်စခန်းအသီးသီးတွင်လည်း ကူညီကယ်ဆယ်ရေး လုပ်ငန်းများ၊ အရေးပေါ် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်း များ၊ အရေးပေါ် ပြုစုခြင်း၊ အရေးပေါ် ရွှေ့ပြောင်းပေးခြင်း လုပ်ငန်းများကို လျှင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် အသင့်ကြိုတင်ပြင်ဆင် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



မေ ၁၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပေးနှိုးဆော်ခြင်းနှင့် အသိပညာပေးခြင်းကို ဇင်ရွဲလေးဆိုင်ကလုန်းရှပ်တာ၌ ဆောင်ရွက်ကြစဉ်။



မေ ၁၁ ရက်တွင် မွန်ပြည်နယ် မုဒုံမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပေးနှိုးဆော်ခြင်းနှင့် အသိပညာပေးခြင်းများကို ကမာအုပ်ကျေးရွာ၌ ဆောင်ရွက်ကြစဉ်။



မေ ၁၁ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပေးနှိုးဆော်ခြင်းနှင့် အသိပညာပေးခြင်းများကို ကော့သောင်းမြို့နယ် ပုလုံးတုံတုံးကျေးရွာကမ်းခြေ၌ ဆောင်ရွက်ကြစဉ်။

# လက်နက်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**လက်နက်ဥပဒေ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၉ /၂၀၂၃**
**၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်**
**( ၂၀၂၃ ခုနှစ်၊ မေလ ၁၁ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **လက်နက်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုသည်။

( ခ ) **လက်နက်ဆိုသည်မှာ ဓားများ၊ သေနတ်များ၊ ခဲယမ်းများ၊ ပေါက်ကွဲယမ်းများ၊ အမြောက်များ၊ ပစ်ခတ်ရန်၊ ထိုးသွင်းရန်၊ ခုတ်ဖြတ်ရန်သော်လည်းကောင်း၊ ရန်မူသော လက်နက်အဖြစ် သော်လည်းကောင်း သုံးစွဲလျှင် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့်၊ ထိခိုက်နာကျင်စေနိုင်သည့် သို့မဟုတ် သေစေနိုင်သည့် အရာဝတ္ထုပစ္စည်းများ၊ ဇီဝလက်နက်၊ ဓာတုလက်နက်နှင့် နျူကလီးယားလက်နက်များနှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ လက်နက်ဖြစ်သည်ဟု သတ်မှတ်ထုတ်ပြန်ကြေညာသည့် ကိရိယာ သို့မဟုတ် အရာဝတ္ထုပစ္စည်းတို့ကို ဆိုသည်။**

( ဂ ) **ဓား** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-
( ၁ ) ဓားသွား သုံးလက်မထက်ပိုသော မောင်းချဓား (Clasp-knives)၊
( ၂ ) ဓားရိုးပါ ငါးလက်မထက်ပိုသော ဓား၊
**မှတ်ချက်**။ အိမ်သုံး၊ လယ်ယာသုံး၊ စက်မှုလက်မှု လုပ်ငန်းသုံး သို့မဟုတ် အခြားလုပ်ငန်းသုံး အဖြစ် အသုံးပြုရန် ရည်ရွယ်သည့် ဓားများအား ဘေးအန္တရာယ်ပြုရန် လက်နက်အဖြစ် အသုံးပြုရန်ရည်ရွယ်၍ ကိုင်ဆောင်သွားလာပါက ယင်းဓားများသည်လည်း လက်နက်ဟူသော အဓိပ္ပာယ်တွင် အကျုံးဝင်သည်။

(ဃ) **ပစ်ခတ်ရန်၊ ထိုးသွင်းရန်၊ ခုတ်ဖြတ်ရန်သော်လည်းကောင်း၊ ရန်မူသော လက်နက်အဖြစ် သော်လည်းကောင်း သုံးစွဲလျှင် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့်၊ ထိခိုက်နာကျင်စေနိုင်သည့် သို့မဟုတ် သေစေနိုင်သည့် အရာဝတ္ထုပစ္စည်းဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-**
( ၁ ) ဓာတ်ခဲ (Battery) သို့မဟုတ် လျှပ်စစ်ဓာတ်အားဖြင့် လျှပ်စစ်စီးစေပြီး ခန္ဓာကိုယ်လှုပ်ရှားမှုကို ရုတ်တရက်ရပ်တန့်စေသည့် ကျဉ်စက်ကဲ့သို့သောကိရိယာ သို့မဟုတ် ယင်းကဲ့သို့ အမျိုးအစားတူသောကိရိယာ၊
( ၂ ) ဓာတ်ငွေ့တွန်းကန်အား၊ လေ၏တွန်းကန်အား၊ ဓာတ်ခဲ (Battery) သို့မဟုတ် လျှပ်စစ်ဓာတ်အားကို အသုံးပြု၍ သေနတ်ကဲ့သို့သော ပစ်ခတ်သည့်ကိရိယာ သို့မဟုတ် အရာဝတ္ထုပစ္စည်း၊
( ၃ ) သံ သို့မဟုတ် သတ္တုတစ်မျိုးမျိုးဖြင့် ပြုလုပ်ထားသည့် သံချွန်၊ သုံးမြောင့်ချွန်၊ မှိန်း၊ လှံ၊ လှံစွပ် သို့မဟုတ် လှံကဲ့သို့ ချွန်ထက်သည့်အရာ၊
( ၄ ) ဒူးလေး၊ လေးမြားနှင့် ချွန်ထက်သည့် အရာဝတ္ထုများဖြင့် ပစ်ခတ်နိုင်သော ကိရိယာ၊

( င ) **သေနတ် ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည်-**
( ၁ ) ပစ္စတိုအုပ်စုဝင်သေနတ်များ၊
( ၂ ) ရိုင်ဖယ်အုပ်စုဝင်သေနတ်များ၊
( ၃ ) စက်သေနတ်ကလေးအုပ်စုဝင်သေနတ်များ၊
( ၄ ) စက်ကလေးအုပ်စုဝင်သေနတ်များ၊
( ၅ ) ပြောင်းချောသေနတ်များ၊
( ၆ ) ဗုံးပစ် သေနတ်များ၊
( ၇ ) လေယာဉ်ပစ် စက်သေနတ်ကြီးအုပ်စုဝင်သေနတ်များ၊
( ၈ ) လောင်ချာများနှင့် ယင်းတို့၏ အစိတ်အပိုင်းများ၊
( ၉ ) သေနတ်အစိတ်အပိုင်းများနှင့် သေနတ်ထုတ်လုပ်သော စက်ကိရိယာ သို့မဟုတ် အရာဝတ္ထုပစ္စည်းများ။

( စ ) **ခဲယမ်း** ဆိုသည်မှာ ယမ်းပြင်း၊ တွန်းကန်ယမ်း၊ ဓာတုဗေဒပစ္စည်း၊ သတ္တုပစ္စည်းများဖြင့် ပေါင်းစပ်ပြီး လူကို သေစေရန်၊ ဒဏ်ရာရစေရန် သို့မဟုတ် အရာဝတ္ထုနှင့် အဆောက်အအုံများဖျက်ဆီးရန် ရည်ရွယ်၍ ထုတ်လုပ်ထားသော စစ်မက်ဆိုင်ရာပစ္စည်း၊ လက်နက်ငယ်ကျည်အမျိုးမျိုး၊ အမြောက်ဆန်၊ ဗုံးသီး၊ ပစ်ဗုံး၊ မီးကျည်၊ မီးခိုးဗုံး၊ မိုင်း၊ တာတိုပစ်ဒုံးကျည်၊ တာဝေးပစ်ဒုံးကျည်၊ တာလတ်ပစ်ဒုံးကျည်၊ ပဲ့ထိန်းဒုံး၊ မီးလောင်ဗုံး၊ ယင်းတို့တွင် တပ်ဆင်ထားသော စနက်တံနှင့်ဆက်စပ်သည့် ပစ္စည်းများကို ဆိုသည်။

(ဆ) **ပေါက်ကွဲယမ်း ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည်-**
( ၁ ) စစ်ဘက်သုံးပေါက်ကွဲယမ်းနှင့် ဆက်စပ်ပစ္စည်း၊
( ၂ ) နယ်ဘက်သုံးပေါက်ကွဲယမ်းနှင့် ဆက်စပ်ပစ္စည်း၊
( ၃ ) ဖောက်ခွဲဖျက်ဆီးသည့် ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၊
( ၄ ) ဒေသန္တရ လက်လုပ်မိုင်း။

( ဇ ) **အမြောက် ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည်-**
( ၁ ) အမြောက်နှင့် စက်အမြောက်တို့တွင် အကျုံးဝင်သော ပစ္စည်းအမျိုးအစားအားလုံး၊
( ၂ ) စိန်ပြောင်းများ၊
( ၃ ) အမြောက်ကို သယ်ယူသော ယာဉ်၊ ပစ်စင်၊ တပ်ဆင်ရန် ကိရိယာတန်ဆာပလာနှင့် ယင်းတို့၏ အစိတ်အပိုင်းများ။

( ဈ ) **နိုင်ငံတော်ပိုင်လက်နက်**ဆိုရာတွင် နိုင်ငံတော်ပိုင် လက်နက်စာရင်းဝင် လက်နက်များ၊ နိုင်ငံတော်ပိုင် လက်နက်စက်ရုံများမှ ထုတ်လုပ်သည့်လက်နက်၊ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ဝယ်ယူသည့်လက်နက်၊ နိုင်ငံတော်ကာကွယ်ရေးအလို့ငှာ စီမံဆောင်ရွက်နေသည့် လက်နက်နှင့်ဥပဒေအရ နိုင်ငံတော်ပိုင်အဖြစ် သိမ်းဆည်းမိန့်ချမှတ်ထားသည့် လက်နက်တို့ ပါဝင်သည်။

(ည) **လိုင်စင်**ဆိုသည်မှာ နယ်ဘက်သေနတ်နှင့်ခဲယမ်းများကို ကိုင်ဆောင်ခွင့်အတွက် ဤဥပဒေအရ ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

( ဋ ) **ခွင့်ပြုမိန့်** ဆိုသည်မှာ နိုင်ငံတော်ပိုင်လက်နက်များ သယ်ယူခွင့် သို့မဟုတ် ကိုင်ဆောင်ခွင့်အတွက်ဖြစ်စေ၊ ပြည်တွင်းပြည်ပ အားကစားပြိုင်ပွဲများတွင် အသုံးပြုမည့် လက်နက်များ သယ်ယူခွင့် သို့မဟုတ် ကိုင်ဆောင်ခွင့်အတွက်ဖြစ်စေ၊ သံရုံး၊ သံတမန် လုံခြုံရေး၊ ပြည်တွင်းပြည်ပနိုင်ငံတော်အကြီးအကဲများ၏ လုံခြုံရေးတို့အတွက် အသုံးပြုမည့် လက်နက်များနှင့်စပ်လျဉ်း၍ သယ်ယူခွင့် သို့မဟုတ် ကိုင်ဆောင်ခွင့်အတွက်ဖြစ်စေ၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ထုံးတမ်းအရ သို့မဟုတ် အစဉ်အလာအရ လက်နက်ကိုင်ဆောင်ခွင့်အတွက်ဖြစ်စေ၊ လက်နက်ကိုပြည်ပမှဝယ်ယူခွင့်၊ တင်သွင်းခွင့်၊ သယ်ယူခွင့် သို့မဟုတ် ကိုင်ဆောင်ခွင့်အတွက်ဖြစ်စေ၊ ပြည်ပသို့ ရောင်းချခွင့်၊ တင်ပို့ခွင့်၊ သယ်ယူခွင့် သို့မဟုတ် ကိုင်ဆောင်ခွင့်အတွက်ဖြစ်စေ ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

( ဌ ) **အများပြည်သူနှင့် ဆိုင်သောနေရာ** ဆိုသည်မှာ မည်သူမဆို ဝင်ထွက်သွားလာနိုင်သော နေရာကို ဆိုသည်။

( ဍ ) **ကြီးကြပ်မှုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသည့် နယ်ဘက်လက်နက်ကိုင်ဆောင်မှုဆိုင်ရာ ကြီးကြပ်မှုကော်မတီကို ဆိုသည်။

( ဎ ) **ဒေသဆိုင်ရာ စိစစ်ခွင့်ပြုရေးအဖွဲ့** ဆိုသည်မှာ ကြီးကြပ်မှုကော်မတီက ဖွဲ့စည်းပေးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတွင်ဖြစ်စေ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်စိစစ်ခွင့်ပြုရေးအဖွဲ့ကို ဆိုသည်။

(ဏ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(တ) **နေပြည်တော်ရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး** ဆိုသည်မှာ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များကို ကြီးကြပ်အုပ်ချုပ်ရသောအရာရှိကိုဆိုသည်။

(ထ) **အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို ဆိုသည်။

**အခန်း (၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်စေနိုင်သော လက်နက်ကိုင်ဆောင်ခြင်းနှင့် လက်နက်ကိုင်ဆောင်ကျူးလွန်သည့် ပြစ်မှုများကို တားဆီးကာကွယ်ရန်၊

( ခ ) လက်နက်သယ်ယူခွင့်၊ လက်နက်ကိုင်ဆောင်ခွင့်၊ တရားဝင် လက်ဝယ်ထားရှိခွင့်တို့နှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ ထိန်းချုပ်ကြပ်မတ်နိုင်ရန်၊

(ဂ) တရားမဝင် လက်နက်ကိုင်ဆောင်ခြင်းကို တားဆီးကာကွယ်ရန်၊

(ဃ) လက်နက်များ တရားမဝင်နည်းလမ်းများဖြင့် ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ လွှဲပြောင်းခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းတို့ကို တားဆီးကာကွယ်ရန်၊

( င ) နိုင်ငံတော်ပိုင်လက်နက်နှင့် ဥပဒေအရ ကိုင်ဆောင်ခွင့်ရှိသူပိုင် သေနတ်နှင့်ခဲယမ်းများကို ခိုးယူခြင်း၊ ရောင်းချခြင်း၊ ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်းနှင့် ကိုင်ဆောင်ခွင့်မရှိသူအား ပေးအပ်ခြင်းတို့ကို တားဆီးကာကွယ်ရန်။

**အခန်း (၃)**
**နယ်ဘက်လက်နက်ကိုင်ဆောင်မှုဆိုင်ရာ**
**ကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) နယ်ဘက်လက်နက်ကိုင်ဆောင်မှုဆိုင်ရာ ကြီးကြပ်မှုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| ( ၁ ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ၂ ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၃ ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၄ ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၅ ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၆ ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၇ ) | ဒုတိယဝန်ကြီးနှင့်<br>ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၈ ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်<br>ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၉ ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်<br>အကျဉ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန၊<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများ<br>ကာကွယ်စောင့်ရှောက်ရေး<br>ဦးစီးဌာန၊ တိုင်းရင်းသား<br>လူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | စစ်ဦးစီးဗိုလ်မှူးကြီး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (၁၅) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အတွင်းရေးမှူး |
| (၁၆) | ရဲဦးစီးအရာရှိချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

**စာမျက်နှာ ၆ သို့** ❖

❖ စာမျက်နှာ ၅ မှ

**(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသည့် ကြီးကြပ်မှုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။**

၅။ ကြီးကြပ်မှုကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နယ်ဘက်လက်နက်ကိုင်ဆောင်မှုဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊

(ခ) သံရုံးနှင့် သံတမန်များ၊ ပြည်ပနိုင်ငံများမှ လာရောက်သော နိုင်ငံတော်အဆင့် အကြီးအကဲ၏ လုံခြုံရေးအတွက် သေနတ်နှင့်ခဲယမ်းသယ်ယူခွင့်၊ ကိုင်ဆောင်ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(ဂ) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် စိစစ်ခွင့်ပြုခြင်းနှင့် စပ်လျဉ်းသည့် မူဝါဒများချမှတ်ခြင်း၊

(ဃ) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန် သဘောတူညီချက်ပေးခြင်း၊

(င) လိုင်စင်ဖြင့် ကိုင်ဆောင်ခွင့်ပြုသည့် သေနတ်နှင့်ခဲယမ်း အမျိုးအစားများ သတ်မှတ်ပေးခြင်း၊

(စ) နိုင်ငံတော်ပိုင်လက်နက်နှင့် မသက်ဆိုင်သော သေနတ်နှင့် ခဲယမ်းများကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သယ်ဆောင်ခြင်းနှင့် စပ်လျဉ်း၍ မူဝါဒများချမှတ်ခြင်း၊

(ဆ) လိုအပ်သော လုပ်ငန်းကော်မတီနှင့်အဖွဲ့များကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း။

## အခန်း (၄)
## လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် ထုတ်ပေးခြင်း

၆။ ကြီးကြပ်မှုကော်မတီသည် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ အောက်ပါအဖွဲ့များကိုဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်–

(က) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် စိစစ်ခွင့်ပြုရေး ဗဟိုအဖွဲ့၊

(ခ) ဒေသဆိုင်ရာ စိစစ်ခွင့်ပြုရေးအဖွဲ့၊

(ဂ) အခြားလိုအပ်သည့် လုပ်ငန်းအဖွဲ့များ။

၇။ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် စိစစ်ခွင့်ပြုရေးဗဟိုအဖွဲ့သည် ကြီးကြပ်မှုကော်မတီ၏ သဘောတူညီချက်နှင့်အညီ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်နိုင်သည်–

(က) နိုင်ငံတော်အတွင်း လက်နက်သယ်ယူခွင့် သို့မဟုတ် လက်နက်ကိုင်ဆောင်ခွင့်ရရှိရန် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ အဆင့်ဆင့် စိစစ်ထောက်ခံ တင်ပြချက်များကို စိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ခ) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် သက်တမ်းသတ်မှတ်ခြင်းနှင့် သက်တမ်းတိုး လျှောက်ထားခြင်းကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဂ) လက်နက်ကို ပြည်ပမှဝယ်ယူခွင့်၊ တင်သွင်းခွင့်၊ သယ်ယူခွင့် သို့မဟုတ် ကိုင်ဆောင်ခွင့်အတွက်ဖြစ်စေ၊ ပြည်ပသို့ရောင်းချခွင့်၊ တင်ပို့ခွင့်၊ သယ်ယူခွင့် သို့မဟုတ် ကိုင်ဆောင်ခွင့်အတွက်ဖြစ်စေ သက်ဆိုင်ရာ ဌာနများ၏ လျှောက်ထားချက်များကို ကာကွယ်ရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး စိစစ်၍ ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း။

၈။ ဒေသဆိုင်ရာ စိစစ်ခွင့်ပြုရေးအဖွဲ့သည် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာဒေသများ၌နေထိုင်သော တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ထုံးတမ်းအရ လည်းကောင်း၊ အစဉ်အလာအရလည်းကောင်း ကိုင်ဆောင်သည့်လက်နက်များကို သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေအတွင်း ကိုင်ဆောင်ခွင့် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ အဆင့်ဆင့်စိစစ်ထောက်ခံ တင်ပြချက်များကို စည်းကမ်းသတ်မှတ်၍ ခွင့်ပြုမိန့်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၉။ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်လျှောက်ထားသူသည် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ လျှောက်ထားရမည်။

၁၀။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် လိုင်စင်သို့မဟုတ် ခွင့်ပြုမိန့် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ သဘောထားမှတ်ချက်နှင့်အတူ ကြီးကြပ်မှုကော်မတီသို့ အဆင့်ဆင့်တင်ပြရမည်။

၁၁။ ပုဒ်မ ၇၊ ပုဒ်မခွဲ (က)အရ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်စိစစ်ခွင့်ပြုရေးဗဟိုအဖွဲ့ကဖြစ်စေ၊ ပုဒ်မ ၈ အရ ဒေသဆိုင်ရာစိစစ်ခွင့်ပြုရေးအဖွဲ့ကဖြစ်စေ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ဖြင့် လက်ဝယ်ထားရှိခွင့်၊ သယ်ယူခွင့် သို့မဟုတ် ကိုင်ဆောင်ခွင့်ပြုကြောင်း သက်ဆိုင်ရာ ရဲတပ်ဖွဲ့သို့ အကြောင်းကြားလာပါက သက်ဆိုင်ရာ နေပြည်တော်ရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူးသည်–

(က) သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အတူ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို လက်မှတ်ရေးထိုး ထုတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပေးပြီးလျှင် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူ ကိုင်ဆောင်ခွင့်ရရှိသည့် နယ်ဘက်သေနတ်၊ ခဲယမ်းနှင့်စပ်လျဉ်းသည့် အချက်အလက်များကို သက်ဆိုင်ရာ ရဲစခန်း၊ မြို့နယ်၊ ခရိုင်၊ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများတွင် မှတ်ပုံတင်စာရင်း ရေးသွင်းစေရမည်။

(ဂ) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ကိုင်ဆောင်ရေးအတွက် စစ်ဆေးကြပ်မတ်ရန် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ် ရဲတပ်ဖွဲ့မှူးတို့အား ညွှန်ကြားရမည်။

(ဃ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ပြီးစီးမှုကို ကြီးကြပ်မှုကော်မတီသို့ အဆင့်ဆင့်ပြန်လည်တင်ပြရမည်။

## အခန်း (၅)
## ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်း

၁၂။ (က) အများပြည်သူနှင့် ဆိုင်သောနေရာတွင် ဥပဒေနှင့် ဆန့်ကျင်၍ လက်နက်ကိုင်ဆောင် သွားလာသည်ကို တွေ့ရှိလျှင်သော်လည်းကောင်း၊ တစ်နည်းနည်းဖြင့် လက်ဝယ်ထားရှိခြင်း သို့မဟုတ် သယ်ယူခြင်းကို တွေ့ရှိလျှင်သော်လည်းကောင်း ထိုသူကို ဖမ်းဆီးခြင်း၊ လက်နက်၊ လက်နက်နှင့်သက်ဆိုင်သည့်ပစ္စည်းများ သိမ်းဆည်းခြင်းတို့ကို မည်သူမဆို ဆောင်ရွက်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်သူသည် ရဲတပ်ဖွဲ့ဝင် မဟုတ်ပါက ဖမ်းဆီးရမိသူနှင့် လက်နက်၊ လက်နက်နှင့် သက်ဆိုင်သည့်ပစ္စည်းများကို ရဲတပ်ဖွဲ့ဝင်တစ်ဦးဦးထံသို့ဖြစ်စေ၊ အနီးဆုံး ရဲစခန်း သို့မဟုတ် တပ်စခန်းသို့ဖြစ်စေ အမြန်ဆုံးအပ်နှံရမည်။

၁၃။ အများပြည်သူနှင့်ဆိုင်သောနေရာမှအပ အခြားမည်သည့်နေရာတွင်မဆို လက်နက်ကို လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်မရှိဘဲ သယ်ယူကြောင်း၊ လက်ဝယ်ထားကြောင်း သို့မဟုတ် ကိုင်ဆောင်ကြောင်း သတင်းရရှိပါက–

(က) မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ရဲစခန်းမှူးသည် ထိုနေရာကို ဝရမ်းမပါဘဲ ဝင်ရောက်ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ခ) မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ၎င်းအား တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသည့် ရဲအရာရှိတစ်ဦးဦးသည် ဒုတိယရဲအုပ်အဆင့်အောက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးအား ထိုနေရာကို ဝင်ရောက်ရှာဖွေရန် ရှာဖွေဖမ်းဆီးခွင့်အမိန့် ထုတ်ပေးနိုင်သည်။ ရှာဖွေဖမ်းဆီးခွင့်အမိန့်ဖြင့် ဆောင်ရွက်သည့် ရဲအရာရှိသည် ပြစ်မှုကျူးလွန်သူကို ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းသိမ်းဆည်းခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၁၄။ ရဲအရာရှိသည် ပုဒ်မ ၁၃ အရ ဆောင်ရွက်ရာတွင် ဤဥပဒေနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၆)
## တားမြစ်ချက်များ

၁၅။ မည်သူမျှ–

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ)နှင့် (ဃ)တို့တွင် ပါဝင်သည့် လက်နက်တစ်ခုခုကို တစ်ဦးဦးအား ဘေးအန္တရာယ်ဖြစ်စေရန် သို့မဟုတ် ခြောက်လှန့်ရန်ရည်ရွယ်၍ အများပြည်သူနှင့်ဆိုင်သောနေရာတွင် သယ်ယူခြင်း၊ ကိုင်ဆောင်သွားလာခြင်း၊ လက်ဝယ်ထားရှိခြင်း သို့မဟုတ် ပြသခြင်း မပြုရ။

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ (င)နှင့် (စ) တို့တွင်ပါဝင်သည့် သေနတ် သို့မဟုတ် ခဲယမ်းတစ်ခုခုကို လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ပါစည်းကမ်းချက်များနှင့်အညီ မဟုတ်ဘဲ သယ်ယူခြင်း၊ လက်ဝယ်ထားခြင်း၊ ကိုင်ဆောင်သွားလာခြင်း သို့မဟုတ် အသုံးပြုခြင်းမပြုရ။

(ဂ) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ)နှင့် (ဃ)တို့တွင်ပါဝင်သည့် လက်နက်တစ်ခုခုကို ရောင်းချခြင်း၊ ရောင်းချရန်အလို့ငှာ လက်ဝယ်ထားခြင်း၊ မိမိ၏ စီမံကြီးကြပ်မှုအောက်တွင်ထားရှိခြင်း၊ ပြုလုပ်ခြင်း သို့မဟုတ် ဝှက်သိမ်းခြင်း မပြုရ။

၁၆။ မည်သူမျှ ဤဥပဒေနှင့်ဆန့်ကျင်၍ –

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (င)၊ (စ)၊ (ဆ)နှင့် (ဇ)တို့တွင် ပါဝင်သည့် လက်နက်တစ်ခုခုကို လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် မရှိဘဲ သယ်ယူခြင်း၊ လက်ဝယ်ထားခြင်း၊ ကိုင်ဆောင်ခြင်း သို့မဟုတ် မိမိ၏ စီမံကြီးကြပ်မှုအောက်တွင် ထားရှိခြင်းမပြုရ။

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ (စ)၊ (ဆ)နှင့် (ဇ)တို့တွင်ပါဝင်သည့် လက်နက်တစ်ခုခုကို ထုတ်လုပ်ခြင်း၊ အသွင်ပြောင်းခြင်း၊ ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ ရောင်းရန် ကမ်းလှမ်းခြင်း သို့မဟုတ် ရောင်းချရန် ခင်းကျင်းပြသခြင်း မပြုရ။

(ဂ) ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ (စ)၊ (ဆ)နှင့် (ဇ)တို့တွင်ပါဝင်သည့် လက်နက်တစ်ခုခုကို လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် မရှိဘဲ ပြည်ပမှဝယ်ယူခြင်း၊ တင်သွင်းခြင်း၊ သယ်ယူခြင်း သို့မဟုတ် ကိုင်ဆောင်ခြင်းနှင့် ပြည်ပသို့ ရောင်းချခြင်း၊ တင်ပို့ခြင်း၊ သယ်ယူခြင်း သို့မဟုတ် ကိုင်ဆောင်ခြင်း မပြုရ။

၁၇။ မည်သူမျှ ပုဒ်မ ၂၊ ပုဒ်မခွဲ (င)၊ (စ)၊ (ဆ)နှင့် (ဇ)တို့တွင် ပါဝင်သည့် လက်နက်တစ်ခုခုကို ပုဒ်မ ၁၆ ပါပြုမှုမှုတစ်ခုခုနှင့်စပ်လျဉ်း၍ တာဝန်ရှိသူတစ်ဦးဦးက ရှာဖွေနေစဉ် ရှာဖွေမတွေ့ရှိစေရန် ဝှက်သိမ်းထားခြင်း မပြုရ။

၁၈။ မည်သူမျှ နိုင်ငံတော်ပုန်ကန်မှုကို ကျူးလွန်ရန်အကြံဖြင့် ပုဒ်မ ၂၊ ပုဒ်မခွဲ (င)၊ (စ)၊ (ဆ)နှင့် (ဇ)တို့တွင် ပါဝင်သည့် လက်နက်တစ်ခုခုကို သယ်ယူခြင်း၊ လက်ဝယ်ထားခြင်း၊ ကိုင်ဆောင်ခြင်း သို့မဟုတ် မိမိ၏စီမံကြီးကြပ်မှုအောက်တွင်ထားရှိခြင်း မပြုရ။

၁၉။ မည်သူမျှ–

(က) နိုင်ငံတော်ပိုင် လက်နက် သို့မဟုတ် ဥပဒေအရ ကိုင်ဆောင်ခွင့်ရှိသူပိုင် သေနတ်ကိုဖြစ်စေ၊ ခဲယမ်းကိုဖြစ်စေ ခိုးယူခြင်း သို့မဟုတ် ခိုးမှုကျူးလွန်ရန် အားထုတ်ခြင်း မပြုရ။

(ခ) နိုင်ငံတော်ပိုင် လက်နက် သို့မဟုတ် ဥပဒေအရ ကိုင်ဆောင်ခွင့်ရှိသူပိုင် သေနတ်ကိုဖြစ်စေ၊ ခဲယမ်းကိုဖြစ်စေ ရောင်းချခြင်း သို့မဟုတ် ရောင်းချရန် အားထုတ်ခြင်း မပြုရ။

(ဂ) နိုင်ငံတော်ပိုင် လက်နက် သို့မဟုတ် ဥပဒေအရ ကိုင်ဆောင်ခွင့်ရှိသူပိုင် သေနတ်ကိုဖြစ်စေ၊ ခဲယမ်းကိုဖြစ်စေ ဤဥပဒေအရ ကိုင်ဆောင်ခွင့်မရှိသော အခြားသူတစ်ဦးအား တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်း သို့မဟုတ် ပေးအပ်ရန်အားထုတ်ခြင်း မပြုရ။

(ဃ) နိုင်ငံတော်ပိုင် လက်နက် သို့မဟုတ် ဥပဒေအရ ကိုင်ဆောင်ခွင့်ရှိသူပိုင် သေနတ်ကိုဖြစ်စေ၊ ခဲယမ်းကိုဖြစ်စေ လုယူခြင်း သို့မဟုတ် လုယူရန်အားထုတ်ခြင်း မပြုရ။

(င) နိုင်ငံတော် နစ်နာဆုံးရှုံးစေရန် ကြံရွယ်ချက်ဖြင့် နိုင်ငံတော်ပိုင်လက်နက်ကို ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း မပြုရ။

၂၀။ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ဖြင့် လက်နက်ကိုင်ဆောင်သူ မည်သူမျှ–

(က) လိုင်စင်ဖြစ်စေ၊ ခွင့်ပြုမိန့်ဖြစ်စေ သတ်မှတ်သက်တမ်း ကုန်ဆုံးပြီးနောက် သေနတ်နှင့် ခဲယမ်းများကို ကိုင်ဆောင်ခြင်း သို့မဟုတ် လက်ဝယ်ထားခြင်း မပြုရ။

(ခ) တာဝန်ရှိသူက စစ်ဆေးရန်တောင်းဆိုသည့်အခါ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်နှင့်အတူ သေနတ်နှင့် ခဲယမ်းတို့ကို ပြသရန်ပျက်ကွက်ခြင်းမရှိစေရ။

(ဂ) နေရပ်မှ ပြောင်းရွှေ့နေထိုင်ပါက လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည့် ဒေသဆိုင်ရာ စိစစ်ခွင့်ပြုရေးအဖွဲ့သို့ သတ်မှတ်ထား သည့်ပုံစံဖြင့် တင်ပြရန်ပျက်ကွက်ခြင်း မရှိစေရ။

၂၁။ မည်သူမျှ–

(က) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ဖြင့်ကိုင်ဆောင်သည့် လက်နက်ကို စည်းကမ်းဖောက်ဖျက်ခြင်းကြောင့် ပြန်လည်အပ်နှံရန် ညွှန်ကြားသည့်အခါတွင်ဖြစ်စေ၊ အမိန့်ကြော်ငြာစာတစ်ခုခုအရ အပ်နှံရန် ညွှန်ကြားသည့်အခါတွင်ဖြစ်စေ မိမိလက်ဝယ်ရှိ သေနတ်နှင့် ခဲယမ်းများကို လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်နှင့်အတူ အနီးဆုံး ရဲစခန်းသို့ ချက်ချင်းလာရောက်အပ်နှံရမည်။

(ခ) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် သက်တမ်းတိုးခြင်းကို ခွင့်မပြုသည့်အခါဖြစ်စေ၊ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ရုပ်သိမ်းသည့်အခါ သို့မဟုတ် ပယ်ဖျက်သည့်အခါဖြစ်စေ မိမိလက်ဝယ်ရှိသေနတ်နှင့် ခဲယမ်းများကို လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်နှင့်အတူ အနီးဆုံး ရဲစခန်းသို့ ချက်ချင်းလာရောက်အပ်နှံရမည်။

စာမျက်နှာ ၇ သို့ ❖

❖ စာမျက်နှာ ၆ မှ

၂၂။ မည်သူမျှ အောက်ဖော်ပြပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ သတင်းမပေးရန် လုံလောက်သော အကြောင်းမရှိလျှင် အနီးဆုံးရဲစခန်း သို့မဟုတ် အုပ်ချုပ်ရေးမှူးတစ်ဦးဦးထံသို့ အမြန်ဆုံးသတင်းပေးရန် ပျက်ကွက်ခြင်းမရှိစေရ–

(က) ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သိရှိခြင်း၊

( ခ ) ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)နှင့် (ဇ)တို့တွင် ဖော်ပြထားသည့် လက်နက်တစ်ခုခုကို တွေ့ရှိခြင်း။

## အခန်း(၇)
## ပြစ်ဒဏ်များ

၂၃။ မည်သူမဆို–

(က) ပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

( ခ ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ)ပါတားမြစ်ချက်တစ်ရပ်ရပ်ကိုဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ် ချမှတ်ရမည်။

၂၄။ မည်သူမဆို ပုဒ်မ ၁၆ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၂၅။ မည်သူမဆို ပုဒ်မ ၁၇ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံးသုံးနှစ်မှ အများဆုံးခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၁၈ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးငါးနှစ်မှ အများဆုံးဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၁၉ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်ဆယ်နှစ်မှ အများဆုံးထောင်ဒဏ်တစ်သက်အထိဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၀ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံးကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၉။ မည်သူမဆို ပုဒ်မ ၂၁ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးသုံးလမှ အများဆုံးတစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၃၀။ မည်သူမဆို ပုဒ်မ ၂၂ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံးကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၁။ မည်သူမဆို ဤဥပဒေပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ အားထုတ်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ယင်းပြစ်မှုအတွက် ဤဥပဒေတွင်ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၃၂။ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်ပါက ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သုံးသိန်းမှ အများဆုံးကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၈)
## သက်ဆိုင်မှုမရှိခြင်း

၃၃။ ဤဥပဒေအရ အရေးယူရာတွင် အောက်ပါတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ–

(က) အိမ်သုံး၊ လယ်ယာသုံး၊ စက်မှုလုပ်ငန်းသုံး သို့မဟုတ် အခြားလုပ်ငန်းသုံးအဖြစ် ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ)နှင့် (ဃ)တို့အရ အကျုံးဝင်သောလက်နက်များကို ဤဥပဒေနှင့် မဆန့်ကျင်ဘဲ ကိုင်ဆောင်သွားလာခြင်း သို့မဟုတ် လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်း။

( ခ ) ပုဒ်မ ၃၉ အရ ကိုင်ဆောင်ခွင့်ပြုသည့် လက်နက်ကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ သယ်ယူခြင်း၊ လက်ဝယ်ထားခြင်း၊ ကိုင်ဆောင်ခြင်းနှင့် အသုံးပြုခြင်း။

( ဂ ) နိုင်ငံတော်ပိုင်လက်နက်နှင့် နိုင်ငံတော်ပိုင်အဖြစ် သတ်မှတ်ထားသည့် လက်နက်ကို ဥပဒေနှင့်အညီ သိုလှောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ မိမိ၏စီမံကြီးကြပ်မှုအောက်တွင် ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ လက်ခံခြင်းနှင့် အသုံးပြုခြင်း။

(ဃ) နိုင်ငံတော်ပိုင်လက်နက်များ ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်း၊ အသွင်ပြောင်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း၊ ထောက်ပံ့ခြင်း၊ ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ လက်ခံခြင်းနှင့် အခြားနည်းဖြင့် စီမံခန့်ခွဲခြင်း။

( င ) တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများက နိုင်ငံတော်ပိုင်လက်နက်နှင့် ဤဥပဒေအရ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ဖြင့် ကိုင်ဆောင်ခွင့်ပြုသော လက်နက်ကို ဥပဒေနှင့်အညီ ကိုင်ဆောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ မိမိ၏စီမံကြီးကြပ်မှုအောက်တွင်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ လက်ခံခြင်းနှင့် အသုံးပြုခြင်း။

( စ ) ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်ဖြင့် လက်နက်ကိုင်ဆောင်သည့် အဖွဲ့အစည်းများကသော်လည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦးဦးကသော် လည်းကောင်း၊ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းတစ်ခုခုကသော်လည်းကောင်း ဤဥပဒေအရ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ဖြင့် ကိုင်ဆောင်ခွင့်ပြုသည့် လက်နက်ကို ဥပဒေနှင့်အညီ ကိုင်ဆောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ မိမိ၏စီမံကြီးကြပ်မှုအောက်တွင်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ လက်ခံခြင်းနှင့် အသုံးပြုခြင်း။

## အခန်း(၉)
## အထွေထွေ

၃၄။ ပုဒ်မ ၂၃ အရ အရေးယူဆောင်ရွက်ရာတွင်တွေ့ရှိသည့် လက်နက်များနှင့် စပ်လျဉ်း၍ အိမ်သုံး သို့မဟုတ် လယ်ယာလုပ်ငန်းသုံး သို့မဟုတ် စက်မှုလက်မှုလုပ်ငန်းသုံး သို့မဟုတ် အခြားလုပ်ငန်းသုံး တစ်ခုခုအတွက် အသုံးပြုရန် ရည်ရွယ်ကြောင်း သို့မဟုတ် ပုဒ်မ ၃၉ အရ ကိုင်ဆောင်ခွင့်ပြုသော လက်နက်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ကိုင်ဆောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် အသုံးပြုခြင်းဖြစ်ကြောင်း သက်သေထင်ရှားပြရန် တာဝန်သည် စွပ်စွဲခံရသူအပေါ်တွင် ကျရောက်စေရမည်။

၃၅။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ပုဒ်မ ၂၆ အရ စွဲဆိုသောပြစ်မှုတွင် နိုင်ငံတော်ပုန်ကန်မှုကျူးလွန်ရန်အကြံမရှိကြောင်း သက်သေထင်ရှားမပြနိုင်သူကို နိုင်ငံတော်ပုန်ကန်မှု ကျူးလွန်ရန်အကြံရှိသည်ဟု မှတ်ယူရမည်။

၃၆။ ဇီဝလက်နက်၊ ဓာတုလက်နက်နှင့် နျူကလီးယားလက်နက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့် အရေးယူရမည်။

၃၇။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၈။ ပုဒ်မ ၂၃ အရ တရားစွဲဆိုရာ၌ ခရိုင်ရဲတပ်ဖွဲ့မှူး၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၃၉။ ပုဒ်မ ၈ အရ ကိုင်ဆောင်ခွင့်ပြုထားသည့်လက်နက်ကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်မညီဘဲ ကိုင်ဆောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ သယ်ဆောင်ခြင်း၊ သို့မဟုတ် အသုံးပြုခြင်းဖြစ်ကြောင်း ပေါ်ပေါက်ပါက ဤဥပဒေအရ အရေးယူခြင်းခံရမည်။

၄၀။ တရားရုံးသည် –

(က) ပြစ်မှုနှင့်သက်ဆိုင်သည့် လက်နက်များကို နိုင်ငံ့ဘဏ္ဍာအဖြစ်သိမ်းဆည်းပြီး သက်ဆိုင်ရာသို့ အပ်နှံစေရမည်။

( ခ ) ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၄၁။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းပစ္စည်းကို မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြသကဲ့သို့မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရမည်။

၄၂။ (က) ဤဥပဒေအာဏာမတည်မီက ထုတ်ပေးခဲ့သော လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်နှင့် မှတ်ပုံတင်ခြင်းတို့ကို ဤဥပဒေအရ ထုတ်ပေးထားသော လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် ထုတ်ပေးခြင်း ဖြစ်သည်ဟု မှတ်ယူရမည်။

( ခ ) ပုဒ်မခွဲ(က)အရ သေနတ်နှင့် ခဲယမ်းများ ကိုင်ဆောင်သူသည် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် သို့မဟုတ် မှတ်ပုံတင်ခြင်းသက်တမ်းကုန်ဆုံးလျှင် ဆက်လက်ကိုင်ဆောင်လိုပါက ဤဥပဒေနှင့်အညီ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် လျှောက်ထားခြင်းနှင့် သက်တမ်းတိုးခြင်းတို့ကို ဆောင်ရွက်ရမည်။

၄၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်–

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာန၊ ကြီးကြပ်မှုကော်မတီနှင့် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် စိစစ်ခွင့်ပြုရေးဗဟိုအဖွဲ့တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၄။ ဤဥပဒေဖြင့်–

(က) အောက်ပါအက်ဥပဒေများကို ရုပ်သိမ်းလိုက်သည်–

(၁) The Arms Act(India Act XI,1878)၊

(၂) ၁၉၄၉ ခုနှစ်၊ လက်နက်(အရေးပေါ်ပြစ်ဒဏ်စီရင်မှု)(ယာယီ)အက်ဥပဒေ၊

(၃) ၁၉၄၉ ခုနှစ်၊ လက်နက် (အရေးပေါ်ပြစ်ဒဏ်စီရင်မှု) တချက်လွှတ်ဥပဒေ။

(၄) The Arms (Temporary Amendment) Act (Act LI, 1951) ။

( ခ ) The Shan States Arms Order, 1924 အမိန့်ကို ပယ်ဖျက်လိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်–

(ပုံ)မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား ဂျပန်နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌဟောင်း လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၁

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား ဂျပန်နိုင်ငံခြားသတင်းထောက်များအသင်း (Foreign Correspondent Club of Japan – FCCJ)၏ ဥက္ကဋ္ဌဟောင်းဖြစ်သူ Mr. KHALDON AZHARI သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံရာ တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မီဒီယာကဏ္ဍဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး၊ The Global New Light of Myanmar သတင်းစာကို အသွင်သဏ္ဌာန်ပြောင်းလဲ၍ အဆင့်မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဂျပန် နိုင်ငံခြားသတင်းထောက်များအသင်း၏ ဥက္ကဋ္ဌဟောင်းသည် ကျောက်မျက်ရတနာပြတိုက်နှင့် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်လေ့လာကြည်ညိုခဲ့ကြသည်။

သတင်းစဉ်

# ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများနှင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်

နေပြည်တော် မေ ၁၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် မေ ၁၁ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက နိုင်ငံတော်က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်နေပြီး မိမိတို့ဝန်ကြီးဌာနကလည်း မူဝါဒ၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များ ချမှတ်၍ ပူးပေါင်းပါဝင် ဆောင်ရွက်နေပါကြောင်း၊ ယင်းလုပ်ငန်းများ အောင်မြင်ရေး ဦးစီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည်နှင့်အညီ ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ဌာနအလိုက် မူဝါဒများ၊ လုပ်ငန်းတာဝန်များကို သိရှိနားလည်ပြီး စေတနာအရင်းခံ၍ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးရေး၊ ဌာနတာဝန်ကျေပွန်ရေး၊ နိုင်ငံအကျိုးပြု ပြည်သူအကျိုးပြု ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊

နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ အောင်မြင်ရေးအတွက် မိမိတို့ ဦးစီးဌာနများက ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူထုတ်လုပ်ရေးလုပ်ငန်းများအတွက် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းပြီး လိုအပ်သည့် မျိုး၊ သွင်းအားစု အချိန်မီရရှိရေး၊ ဈေးကွက်ရရှိရေးအတွက်လည်း ချိတ်ဆက်ထောက်ပံ့ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တင်ဒါလုပ်ငန်းများအား မေလအတွင်း ပြီးပြတ်အောင်ဆောင်ရွက်ပြီး မြန်မြန်ပြီးစီးနိုင်သည့်လုပ်ငန်းများအား အမြန်ပြီးပြတ်အောင် ဆောင်ရွက်ကာ ပြည်သူများ အချိန်စောလျင်စွာ အကျိုးခံစားခွင့်ရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ဘဏ္ဍာနှစ်အလိုက် အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန်၊ ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး MSME လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက်လည်း ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်ပြီး ဝန်ထမ်းများ၏ လုပ်ငန်းလိုအပ်ချက်များ ရှင်းလင်းတင်ပြမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ သုတေသနစာတမ်းများဖတ်ပွဲနှင့် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ ဝေါဟာရအဘိဓာန်(အင်္ဂလိပ်+မြန်မာ)ထုတ်ဝေခြင်း အခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၁

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ (၈) ကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူး ချုပ်နှင့် သုတေသနအရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အဆိုပါ သုတေသနစာတမ်းဖတ်ပွဲတွင် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာချစ်အေးအေးကြည်နှင့် ဒုတိယဦးစီးမှူး ဒေါ်မေဇာအောင်တို့က AACC အဖွဲ့ဝင်နိုင်ငံများ၏ (၉) ကြိမ်မြောက် နွေရာသီသင်တန်းတွင် ထိုင်းဘုရင့်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက တင်ပြခဲ့သည့် "စီရင်ချက်များကိုအကောင်အထည်ဖော်ရာတွင် ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများ" စာတမ်းကို လေ့လာတင်ပြခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကြည်ကြည်ခင်နှင့် ဒုတိယဦးစီးမှူး ဒေါ်ဟေမာသိန်းတို့က "နိုင်ငံတော်သမ္မတ ရွေးကောက်တင်မြှောက်မှု အက်ဥပဒေ ပုဒ်မ ၇ အရ တရားလွှတ်တော်ချုပ် ထံသို့ လွှဲအပ်သည့် (လွှဲအပ်မှုအမှတ် ၁/၁၉၅၂) အား လေ့လာတင်ပြခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြပြီး တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။




နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် သုတေသနစာတမ်းဖတ်ပွဲများ ပြုလုပ်လျက်ရှိပြီး သုတေသနပြုလေ့လာ၍ ရရှိလာသော သုတေသနစာတမ်းများအား အများပြည်သူ သိရှိစေရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ ကမ္ဘာပေါ်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးစနစ်ကို ကျင့်သုံးလျက်ရှိသော နိုင်ငံများအနက်မှ နိုင်ငံပေါင်း ၂၉ နိုင်ငံရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၊ ခုံရုံး၊ကောင်စီနှင့် ရုံးများ အကြောင်းကို "ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးများ" ခေါင်းစဉ်ဖြင့် အတွဲ(၁) မှ အတွဲ(၃) အထိလည်းကောင်း၊ ကမ္ဘာ့နိုင်ငံများ၏ဖွဲ့စည်းပုံ အခြေခံဥပဒေအဘိဓာန်အား အတွဲ (၁) မှ အတွဲ (၃) အထိလည်းကောင်း ထုတ်ဝေခဲ့ပြီးဖြစ်သည်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ သုတစာအုပ်များအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ ဂျာနယ်များအားထုတ်ဝေခဲ့ရာ ဂျာနယ်အမှတ် (၁) မှ (၅) အထိ ထုတ်ဝေခဲ့ပြီး ယနေ့တွင် "မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ ဝေါဟာရအဘိဓာန် (အင်္ဂလိပ် + မြန်မာ)စာအုပ်"ကို စတင်ထုတ်ဝေ ဖြန့်ချိခဲ့သည်။ "မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သော ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင် အသုံးပြုထားသည့် ဝေါဟာရများကို အလွယ်တကူ ရှာဖွေ မှီငြမ်းကိုးကားနိုင်ရေး" ရည်ရွယ်ပြုစုထားခြင်းဖြစ်ပြီး စာအုပ်တွင် ဝေါဟာရပေါင်း ၂၇၄၁ လုံး ထည့်သွင်းပြုစုထားရှိသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ထုတ်ဝေသော စာအုပ်များကို ဝယ်ယူဖတ်ရှုလိုပါက လုပ်ထုံးနှင့်သုတေသနဌာန ဖုန်း ၀၆၇-၃၄၃၀၂၄၃၊ ၀၆၇-၃၄၃၀၂၆၄ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# တိုက်ကြီးမြို့နယ် သက်သာကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်

တိုက်ကြီး မေ ၁၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်း၌ အခြေခံစက်ချုပ်သင်တန်း (၂/၂၀၂၃) ဖွင့်ပွဲကို မေ ၉ ရက် နံနက်ပိုင်းက ဥက္ကံရှမ်းစုကျေးရွာအုပ်စု သက်သာကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုက်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လွဲလွဲမွန်နှင့် ဥက္ကံရှမ်းစုကျေးရွာအုပ်ချုပ်ရေးမှူးတို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ကြပြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက သင်တန်းဖွင့်လှစ် ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကာ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၄ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပြင်ဆင်ဖတ်ရှုပါရန်

ဧပြီ ၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁ တွင် ဖော်ပြခဲ့သည့် "ကျောက်ဆည်မြို့၌ မိုးကြိုချည်မျှင်ရှည်ဝါ ကေ တစ်သောင်းကျော် စိုက်ပျိုးပြီး" သတင်း၏ပထမစာပိုဒ် ဒုတိယစာကြောင်းတွင် ၁၁၇၅၆ ဧက စိုက်ပျိုးပြီး (အစား) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စိစစ်တင်ပြချက်အရ အမှန်စိုက်ပျိုးဧက ၁၃၈၀၄ ဧက ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းအားကစားနည်းမှ ရွှေတံဆိပ် နှစ်ခု၊ ဘိလိယက်အားကစားနည်းမှ ရွှေတံဆိပ် တစ်ခု ထပ်မံဆွတ်ခူးရရှိ

ကမ္ဘောဒီးယား မေ ၁၁

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် မြန်မာအားကစားအဖွဲ့ ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့်အတူ ယမန်နေ့ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၂၃ ခုနှစ် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို လိုက်လံကြည့်ရှုအားပေးသည်။



**ယှဉ်ပြိုင်ကစား**

ဖနောင်ပင်မြို့ရှိ Basketball Hall NSTC ၌ ကျင်းပလျက်ရှိသည့် ပိုက်ကျော်ခြင်းအားကစားနည်း (အမျိုးသား)ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် မြန်မာ၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ မောင်သန်းဇော်ဦး၊ မောင်သိန်းဇော်မင်း၊ မောင်အောင်ဇော်၊ မောင်အောင်ကျော်မိုး၊ မောင်ကျော်ဇေယျာဝင်း၊ မောင်ဇင်ကိုကို တို့အတွဲက ရမှတ် ၆၈၀ ဖြင့် ပထမ(ရွှေတံဆိပ်ဆု)ကိုလည်းကောင်း၊ ဒုတိယ(ငွေတံဆိပ်ဆု)ကို ဖိလစ်ပိုင်နိုင်ငံကလည်းကောင်း၊ တတိယ(ကြေးတံဆိပ်ဆု)ကို ကမ္ဘောဒီးယားနိုင်ငံက လည်းကောင်း၊ ပိုက်ကျော်ခြင်းအားကစားနည်း(အမျိုးသမီး) ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ၌ မြန်မာ၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ မကြူကြူသင်း၊ မနိုင်နိုင်ဝင်း၊ မနွယ်နွယ်ထွေး၊ မဖြူဖြူသန်း၊ မဆုတင်ဇာနိုင်၊ မခင်နှင်းဝေတို့အတွဲက ရမှတ် ၇၅၀ ဖြင့် ပထမ(ရွှေတံဆိပ်ဆု)ကို လည်းကောင်း၊ ဒုတိယ(ငွေတံဆိပ်ဆု)ကို ဖိလစ်ပိုင်နိုင်ငံကလည်းကောင်း၊ တတိယ (ကြေးတံဆိပ်ဆု)ကို ကမ္ဘောဒီးယားနိုင်ငံက လည်းကောင်း ရရှိခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Aeon Hall၊ Aeon Mall Sen Sok ၌ ကျင်းပလျက်ရှိသည့် ဘိလိယက်အားကစားနည်း (အမျိုးသားတစ်ဦးချင်း- 9 ball Pool)ပြိုင်ပွဲ၌ မြန်မာ၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှားနှင့် ဘရူနိုင်းနိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာမှ မောင်မောင်(ခ)မောင်ဘုန်းမြင့်ကျော်က ပထမ(ရွှေတံဆိပ်ဆု)ကို လည်းကောင်း၊ ဒုတိယ(ငွေတံဆိပ်ဆု)ကို စင်ကာပူနိုင်ငံက လည်းကောင်း၊ တတိယ(ကြေးတံဆိပ်ဆု)ကို ဗီယက်နမ်နိုင်ငံကလည်းကောင်း ရရှိခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Chroy Changvar Convention Centre၊ Hall(A)၌ ကျင်းပလျက်ရှိသည့် ဝူရှူးအားကစားပြိုင်ပွဲ ပွဲစဉ်များကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ဝူရှူး(သွေ့လျန် (အမျိုးသမီး)-အတွဲအတိုက်) ပြိုင်ပွဲ၌ ကမ္ဘောဒီးယား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မြန်မာမှ မစန္ဒီဦးနှင့် မအေးသစ္စာမြင့်တို့အတွဲက ရမှတ် ၉ ဒသမ ၄၀၃ မှတ်ဖြင့် ဒုတိယ(ငွေတံဆိပ်ဆု)၊ ဝူရှူးနန်းချွမ် (အမျိုးသမီး-တောင်ပိုင်းလက်သိုင်း) ပြိုင်ပွဲ၌ အင်ဒိုနီးရှား၊ မလေးရှား၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မြန်မာမှ မအေးသစ္စာမြင့်က ရမှတ် ၉ ဒသမ ၁၄၃ ဖြင့် တတိယ(ကြေးတံဆိပ်ဆု)များ ရရှိခဲ့ကြသည်။

အလားတူ ဖနောင်ပင်မြို့ရှိ Morodok Elephant Hall 1 ၌ ခွန်ခမာအားကစားနည်း (အမျိုးသမီး-၄၈ကီလို) ပြိုင်ပွဲတွင် မမေသဇင်ထူးက ဒုတိယ(ငွေတံဆိပ်ဆု)နှင့် (အမျိုးသား-၅၄ကီလို) ပြိုင်ပွဲတွင် မောင်ဟိန်းသူအောင်က တတိယ (ကြေးတံဆိပ်ဆု)ကို လည်းကောင်း၊ Morodok Techo Badminton Hall ၌ ကြက်တောင်အားကစားနည်း(အသင်းလိုက်-အမျိုးသား+အမျိုးသမီး)ပြိုင်ပွဲတွင် မြန်မာမှ မောင်ဟိန်းထွဋ်၊ မောင်အောင်မျိုးထူး၊ မောင်အာကာဘုန်းမြတ်၊ မောင်ဇော်လင်းထူး၊ မသက်ထားသူဇာ၊ မတွယ်တာဦး၊ မဇွန်မျိုးသက်တို့ အတွဲက ဒုတိယ(ငွေတံဆိပ်ဆု)ကို လည်းကောင်း၊ AZ Group Cricket Oval၊ Hun Sen Boulevard ၌ ခရစ်ကက်အားကစားနည်း(Six a Side) ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းမှ ရမှတ် ၂၄ မှတ်ဖြင့် တတိယ(ကြေးတံဆိပ်ဆု)ကိုလည်းကောင်း ထပ်မံဆွတ်ခူးရရှိခဲ့ကြသည်။

**အနိုင်ရရှိ**

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် Smart RSN Stadium ၌ ကျင်းပလျက်ရှိသည့် ဘောလုံး(အမျိုးသား)ပြိုင်ပွဲကို သွားရောက်ကြည့်ရှုအားပေးခဲ့ရာ မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

မေ ၁၀ ရက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပီတန်း၊ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ တင်းနစ်၊ ဘိလိယက်၊ လက်ဝှေ့၊ ခွန်ခမာ၊ ဘော်လီဘော၊ ဘောလုံး၊ ပြေးခုန်ပစ်နှင့် ခရစ်ကက် အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ရာ ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် သုံးခု ထပ်မံရရှိခဲ့ကြသည်။

မေ ၁၁ ရက်နေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဝူရှူး၊ E-Sports၊ ဘော်လီဘော၊ ခွန်ခမာ၊ ခရစ်ကက်၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်နှင့် ဘိလိယက် အားကစားနည်းများတွင် မြန်မာနိုင်ငံမှ ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **သတင်းစဉ်**



## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် မေ ၁၁

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Construction and Development Infrastructure Co.,Ltd. မှ တင်သွင်းလာသော Volkswagen ID-4 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၂၉ စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပါကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် မြန်မာအားကစားအဖွဲ့ ထွက်ခွာ

ရန်ကုန် မေ ၁၁

ကမ္ဘောဒီးယား နိုင်ငံတွင် ကျင်းပသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဖိတ်ကြားခံပုဂ္ဂိုလ်အဖြစ် တက်ရောက်မည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် မြန်မာအားကစားအဖွဲ့နှင့်အတူ ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် မြန်မာအမျိုးသား လေကြောင်းလိုင်း (စင်းလုံးငှားလေယာဉ်) ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာရာ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်ပြည်ပြည်




ဆိုင်ရာလေဆိပ်၌ လိုက်လံပို့ဆောင် နှုတ်ဆက်ကြသည်။

အဆိုပါ အားကစားအဖွဲ့များတွင် ဖိတ်ကြားခံပုဂ္ဂိုလ် တစ်ဦး၊ အုပ်ချုပ်မှုအဖွဲ့ တစ်ဦး၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အုပ်ချုပ်မှုအဖွဲ့ နှစ်ဦး၊ ဂျူဒို အားကစားနည်းမှ အုပ်ချုပ်/နည်းပြ ငါးဦး၊ အမျိုးသားအားကစားသမား ခြောက်ဦး၊ အမျိုးသမီး အားကစားသမား ခုနစ်ဦး၊ အလေးမ အားကစားနည်းမှ အုပ်ချုပ်/နည်းပြ နှစ်ဦး၊ အမျိုးသားအားကစားသမား နှစ်ဦး၊ အမျိုးသမီးအားကစားသမား နှစ်ဦး၊ ဗိုဗီနမ်(အားနစ်) အားကစားနည်းမှ အုပ်ချုပ်/နည်းပြ ငါးဦး၊ အမျိုးသားအားကစားသမား ရှစ်ဦး၊ အမျိုးသမီးအားကစားသမား ခြောက်ဦးတို့ လိုက်ပါသွားကြောင်း သိရသည်။

**သတင်းစဉ်**

# PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်ခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ တာဝန်များကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွှဲပြောင်း တာဝန်ထမ်းဆောင်လျက်ရှိပြီး နိုင်ငံတော်ကို စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရန် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၁၂) ရပ်တို့ကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်နေချိန်တွင် ပြည်သူလူထုအား နိုင်ငံရေးဝါဒမှိုင်းတိုက်ပြီး နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေး ဦးတည်ဆောင်ရွက်လိုသူများက ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH)၊ အမျိုးသားညီညွတ် ရေးအစိုးရ (NUG)နှင့် NUG ၏ လက်ဝေခံဖြစ်သည့် ပြည်သူ့ကာကွယ်ရေးအဖွဲ့ (PDF) အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများကို ဥပဒေမဲ့ တရားမဝင်ဖွဲ့စည်း၍ လက်နက်ကိုင် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသဖြင့် နိုင်ငံတော်က အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ အကြမ်းဖက်အဖွဲ့များအဖြစ် ကြေညာခဲ့ပါသည်။

၂။ အဆိုပါ အကြမ်းဖက်အဖွဲ့အစည်းများက အပြစ်မဲ့ပြည်သူများကို အကြောက်တရားဖြင့် ဝါဒမှိုင်းတိုက်၍ ဆွဲဆောင်စည်းရုံးကာ အကြမ်းဖက်အဖွဲ့အစည်းများသို့ ဝင်ရောက်စေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများရှိရာ ဒေသများသို့ စေလွှတ်၍ ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများ တက်ရောက်စေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်စေခြင်းတို့ကို လုပ်ဆောင်စေခဲ့ပြီး လက်နက်ကိုင် အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများကို လုပ်ဆောင်စေခဲ့ပါသည်။ ၎င်းတို့၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သံဃာတော်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူအမြောက်အမြား အသက်ဆုံးရှုံးခဲ့ကြရပါသည်။ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများဖြစ်ပေါ်စေခဲ့ပါသည်။

၃။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည့်အတွက် ပြည်သူများ၏ စုပေါင်းအားဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်နိုင်မှသာ လိုရာပန်းတိုင်ကို အချိန်တိုအတွင်း ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသူများ၏ ဝါဒမှိုင်းအောက်မှ ရုန်းထွက်ကာ နိုင်ငံတော်တည်ဆောက်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်သည့်အတွက် အကြောင်းအမျိုးမျိုးကြောင့် PDF အပါအဝင် အကြမ်းဖက်အဖွဲ့များအတွင်း ရောက်ရှိနေသူများ၊ ဥပဒေပြင်ပရှိ အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများ အနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်ရန်အတွက် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်အပ်ပါသည်။ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် လူသတ်မှု၊ မုဒိမ်းမှု၊ သူတစ်ပါးအပေါ် ထိခိုက်နစ်နာစေမှုစသည့် ပြစ်မှုတစ်ခုခုကျူးလွန်ထားသူဖြစ်ပါက ဥပဒေအရ တရားရုံးတွင် အမှုရင်ဆိုင် ဖြေရှင်းရမည်ဖြစ်ပြီး နိုင်ငံတော် အစိုးရအနေဖြင့် ပြစ်မှုအတိုင်းအတာအပေါ် မူတည်၍ ဥပဒေကြောင်းအရ လိုအပ်သည့် ဖြေလျှော့မှုများကို ပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာပါက လိုအပ်သည့် ကူညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လက်နက်/ခဲယမ်းပါရှိလာသူများကို အောက်ပါအတိုင်း ဆုကြေးငွေ ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည် –

(က) ရိုင်ဖယ်အုပ်စုဝင်သေနတ် (၁)လက်ပါရှိပါက ကျပ် (၅၀) သိန်း၊

(ခ) ပစ္စတိုအုပ်စုဝင် သေနတ် (၁)လက်ပါရှိပါက ကျပ် (၂၀) သိန်း၊

(ဂ) ပြောင်းချော သေနတ် (၁)လက်ပါရှိပါက ကျပ် (၃၀) သိန်း၊

(ဃ) စိန်ပြောင်း၊ လောင်ချာ၊ အာပီဂျီ ကဲ့သို့သော လက်နက်များ (၁)လက်ပါရှိပါက ကျပ် (၇၅)သိန်း၊

(င) လက်လုပ် ပြောင်းချော သေနတ်၊ လက်လုပ် စိန်ပြောင်း၊ လက်လုပ် သေနတ် (၁)လက်ပါရှိပါက ကျပ်(၅)သိန်း၊

(စ) လက်လုပ် မိုင်းများ၊ လက်ပစ်ဗုံးများ ပါရှိပါက ကျပ်(၃) သိန်း၊

(ဆ) လက်နက်/ခဲယမ်းမှအပ အခြားအသုံးအဆောင်ပစ္စည်းများ (ဥပမာ– စကားပြောစက်) ပါရှိပါက ကျပ် (၂) သိန်း။

(ဇ) ဗုံးဖောက်ခွဲရေးအတွက် အသုံးပြုနိုင်သော Drone (၁) စင်းပါရှိပါက ကျပ် (၅၀)သိန်း။

၅။ သို့ဖြစ်ပါ၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပို့၍ ဝင်ရောက်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## တရားမဝင်ကိုင်ဆောင်ထားသည့် လက်နက်ခဲယမ်းများအား လိုင်စင်လျှောက်ထားရန် အသိပေးထုတ်ပြန်ချက်

၁။ ယနေ့အချိန်ကာလတွင် အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူလူထုအပေါ် အကြမ်းဖက်သတ်ဖြတ်တိုက်ခိုက်မှုများကြောင့် ပြည်သူလူထုအတွင်း၌ လူပုဂ္ဂိုလ်လုံခြုံရေးကို စိုးရိမ်ကြသည့်အတွက် လက်နက်ခဲယမ်းများကို နည်းလမ်းမျိုးစုံဖြင့် ရှာဖွေကာ တရားမဝင်ကိုင်ဆောင်လျက်ရှိကြောင်း ကြားသိနေရပါသည်။ မူလရည်ရွယ်ချက်မှာ လူပုဂ္ဂိုလ်လုံခြုံရေးအတွက်ဖြစ်သော်လည်း လက်နက်ခဲယမ်းများ လက်ဝယ်ရှိနေချိန်တွင် လူ၏စိတ်သည် အချိန်မရွေးပြောင်းလဲသွားနိုင်ပြီး တရားမဝင် ကိုင်ဆောင်ထားခြင်းဖြစ်သဖြင့် တစ်ချိန်ချိန်တွင် တစ်လွဲအသုံးပြုမှုများဖြစ်ပေါ်လာနိုင်သည့်အပြင် ဥပဒေနှင့်လည်း ညီညွတ်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် တရားမဝင် လက်နက်ခဲယမ်း ကိုင်ဆောင်မှုများ လျော့နည်းပပျောက်စေရေးနှင့် လက်နက်ခဲယမ်းများကို တစ်လွဲအသုံးပြုမှုများ မဖြစ်ပေါ်စေရေးအတွက် လက်နက်ခဲယမ်း ကိုင်ဆောင်ခွင့်မူနှင့်အညီ စနစ်တကျလိုင်စင်ထုတ်ပေးရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်လိုင်စင် လျှောက်ထားသည့်အခါ လျှောက်ထားသည့် သေနတ်အား မည်သို့မည်ပုံရရှိသည်ကို စစ်ဆေးမေးမြန်းသွားမည်မဟုတ်ဘဲ လျှောက်ထားလိုသည့် လက်နက်ခဲယမ်းနှင့်တကွ အပ်နှံလျှောက်ထားရမည်ဖြစ်ပါသည်။ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်လိုင်စင် လျှောက်ထားမှုအပေါ် လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူနှင့်အညီ စိစစ်၍ သတ်မှတ်ချက်နှင့် ကိုက်ညီသူများကို လိုင်စင်ထုတ်ပေးသွားမည်ဖြစ်ပါသည်။ သီးခြားထုတ်ပြန်ပေးမည့် သတ်မှတ်ကာလအတွင်း လက်နက်ခဲယမ်းအပ်နှံ၍ လိုင်စင်လျှောက်ထားခြင်းမရှိပါက ဖော်ထုတ်ဖမ်းဆီး၍ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## ဒုတိယဝန်ကြီး ဦးရဲတင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိရေးနှင့် အချိန်နှင့်တစ်ပြေးညီ သတင်းရယူပေးပို့နိုင်ရေး ဆွေးနွေး



မြောင်းမြ မေ ၁၁

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့နံနက်ပိုင်းက ပန်းတနော်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောက်လုပ်ပြီး ဖွင့်လှစ်ရန်ပြင်ဆင်နေသည့် လူထုအခြေပြုဗဟိုဌာနနှင့် စာကြည့်တိုက်အဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုးရာသီတွင် အရိပ်ရလေကာပင်များ စိုက်ပျိုးရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးနှင့် မြောင်းမြခရိုင်ရုံး တို့သို့ ရောက်ရှိပြီး မုန်တိုင်းကာလ အကြိုအသိပညာပေးလုပ်ငန်းများနှင့် အချိန်နှင့်တစ်ပြေးညီ သတင်းရယူပေးပို့နိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်သည် မြောင်းမြမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရွှေဝါခန်းမတွင် ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်၊ မြောင်းမြခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ရပ်ကွက် ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ မုန်တိုင်းကာလ သတိပြုကြိုတင်ကာကွယ်ရေး၊ လပွတ္တာဘက်မှ ရောက်ရှိနေသည့် မုန်တိုင်းရှောင် ပြည်သူများအား ကူညီဆောင်ရွက်ထားရှိမှုနှင့် အသိပညာပေးရေးကိစ္စများ၊ ဖြစ်ပေါ်နေသည့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သတင်းရယူပေးပို့နိုင်ရေး ကိစ္စများ ဆွေးနွေးမှာကြားသည်။

ထို့နောက် အလယ်တောရကျောင်းတိုက်သို့သွားရောက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာ ပဏ္ဍိတ အလယ်တောရဆရာတော် ဘဒ္ဒန္တပညာသီဟ အရှင်သူမြတ်အား ဖူးမြော်ကြည်ညိုပြီး အလယ်တောရကျောင်းတိုက်၌ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ဗုဒ္ဓဘာသာ အခြေခံယဉ်ကျေးလိမ္မာဆင့်ပွားသင်တန်း ကျောင်းသားကျောင်းသူများကိုတွေ့ဆုံ၍ အကျင့်စာရိတ္တ၊ စိတ်ဓာတ်ကောင်းမွန်စေရန်၊ ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များဖြစ်ပေါ်စေရေး ကြိုးစားကြရန်၊ ပညာကို ကြိုးစားသင်ယူရန်၊ အမျိုးဘာသာ သာသနာနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းကြရန်၊ နိုင်ငံအကျိုးကို လက်ဆင့်ကမ်း တာဝန်ယူဆောင်ရွက်ရေး ကြိုးစားကြရန် မှာကြားသည်။

အဆိုပါ ယဉ်ကျေးလိမ္မာဆင့်ပွားသင်တန်းကို မေ ၈ ရက်မှ ၁၂ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ပြီး ကျောင်းသားကျောင်းသူ ၂၄၀ တက်ရောက် သင်ကြားနေကြောင်း သိရသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့တို့နှင့်အတူ မြစိမ်းရောင်တောင်ပေါ်ရှိ မုန်တိုင်းရှောင်ပြည်သူများ ယာယီခိုလုံရာစခန်းကိုသွားရောက်၍ လပွတ္တာခရိုင် ပင်လယ်ကမ်းခြေဒေသများမှ ရောက်ရှိနေသည့် မုန်တိုင်းရှောင်ပြည်သူ ၉၆၀ ကို တွေ့ဆုံအားပေးစကား ပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာနက မုန်တိုင်းဘေးရှောင် ပြည်သူများအတွက် အလှူငွေကျပ် ငါးသိန်းကို လှူဒါန်းရာ မြစိမ်းရောင်တောင် မုန်တိုင်းရှောင် ပြည်သူများ ယာယီခိုလုံရာစခန်း တာဝန်ခံ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြောင်းမြခရိုင် ဦးစီးမှူး ဦးခင်မောင်မြင့်က လက်ခံရယူသည်။

ခရိုင်(ပြန်/ဆက်)

# မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သောနေရာများမှ ပြည်သူများနှင့် ပစ္စည်းများအား ရွှေ့ပြောင်းနိုင်ရေး ကွင်းဆင်းဆောင်ရွက်



စစ်တွေ မေ ၁၁

စစ်တွေမြို့နယ်အတွင်း မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သောနေရာများမှ ပြည်သူများနှင့် ပစ္စည်းများအား ရွှေ့ပြောင်းနိုင်ရေးအတွက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ကြသည်။

### ဆွေးနွေးပြောကြား

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်အဖွဲ့သည် စစ်တွေမြို့ မိဇ်ကမ်းနားလမ်းတွင် နေထိုင်ကြသည့် ပြည်သူများနှင့်တွေ့ဆုံပြီး မုန်တိုင်းဖြစ်ပေါ်နေသည့်အခြေအနေ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည့်အခြေအနေ၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များအား ရွှေ့ပြောင်းရမည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ မြို့မဈေးကြီးအတွင်း၌ ဈေးရောင်းချနေကြသည့် ဈေးသူ ဈေးသားများနှင့် တွေ့ဆုံပြီး မုန်တိုင်းအန္တရာယ်ကျရောက်လာပါက ပျက်စီးဆုံးရှုံးနိုင်သော ပစ္စည်းများ၊ စားသောက်ကုန်များအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားနိုင်ရေး၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက လုံခြုံစွာ ထုပ်ပိုးထားနိုင်ရေးတို့ကို တိုက်တွန်းဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ အနောက်စံပြရပ်ကွက်၊ ဘာဆာရာတွင် နေထိုင်ကြသူများနှင့် IDP စခန်းတွင် နေထိုင်ကြသည့် သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မုန်တိုင်းဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေရာချထားရန်အတွက် အစိုးရ နည်းပညာအထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အနောက်စံပြရပ်ကွက် ဘာဆာရာတွင် နေထိုင်ကြသူများနှင့်တွေ့ဆုံပြီး မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေများ၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရမည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေတက္ကသိုလ်သို့ သွားရောက်ပြီး တက္ကသိုလ်အားကစားခန်းမ၌ သဲချောင်း IDP စခန်းတွင် နေထိုင်ကြသူများအား ရွှေ့ပြောင်းနေရာချထားနိုင်ရေး ဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

### တိုက်တွန်းပြောကြား

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ဂစ္ဆပရပ်ကွက် ရန်ပြေ၊ မာန်ပြေဘုရားကြီးအနီးတွင် ဈေးရောင်းချနေကြသည့် ဈေးသူ ဈေးသားများ၊ ဒေသခံပြည်သူများအား သွားရောက်တွေ့ဆုံပြီး မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သည့် အခြေအနေများ၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို ဆွေးနွေးပြောကြားကာ ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းနေထိုင်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂစ္ဆပရပ်ကွက်ကမ်းနားအနီးတွင် ဝင်ထွက်သွားလာနေကြသည့် ခရီးသည်တင်မော်တော်များ၊ ငါးဖမ်းစက်လှေများ၊ လှေသမ္ဗန်များအား မြို့လယ်ချောင်းနှင့် ဆတ်ရိုးကျချောင်းအတွင်း မုန်တိုင်းအန္တရာယ်မှ တိမ်းရှောင်ခိုလှုံနေထိုင်နေမှုအား သွားရောက်ကြည့်ရှုကြကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## မြေပုံမြို့၌ သဘာဝဘေးကျရောက်နိုင်သည့် ကျေးရွာများအား ကြိုတင်ရွှေ့ပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

မြေပုံ မေ ၁၁

ရခိုင်ပြည်နယ် မြေပုံမြို့နယ်တွင် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးဆောင်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ် မြေပုံမြို့နယ်အတွင်း သဘာဝဘေးကျရောက်လာပါက ထိခိုက်မှုများရှိနိုင်သည့် ငမန်းရဲတိုက်နယ်ကျေးရွာ ၁၀ ရွာ၊ အငူကျေးရွာအုပ်စုခြောက်ရွာ၊ ထူးချေကျေးရွာအုပ်စု သုံးရွာ၊ အိမ်ထောင်စု ၁၆၇၅ စု၊ လူဦးရေ ၆၆၄၀ အား ဘေးလွတ်သည့်ခိုလှုံရွှေ့ပြောင်းရာ နေရာများသို့ ယနေ့ညနေပိုင်းက ပြောင်းရွှေ့ပေးလျက်ရှိသည်။

အဆိုပါ ရွှေ့ပြောင်းနေထိုင်ကြသော ပြည်သူများ၏ စားဝတ်နေရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဆန်အိတ် ၂၀၀ ၊ ဆီပိသာ ၅၀၀ ၊ ဆားပိသာ ၂၀၀၊ ငါးပိပိသာ ၅၀ စုဆောင်းထားရှိပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနက အိမ်ထောင်စု ၁၆၇၅ စုအတွက် ပစ္စည်း ၁၆ မျိုး အသင့်စုဆောင်းထားရှိကာ မြို့နယ်လူမှုရေးအသင်းအဖွဲ့များကလည်း ကူညီထောက်ပံ့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်စိုး(ပြန်/ဆက်)

## ဘူးသီးတောင်မြို့၌ သဘာဝဘေးကျရောက်နိုင်သည့် ကျေးရွာများအား ကြိုတင်ရွှေ့ပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်





ဘူးသီးတောင် မေ ၁၁

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ၊ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ စနစ်တကျ စီစဉ်ဆောင်ရွက်နိုင်ရန် အတွက် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်း ဦးဆောင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

### စုဆောင်းထားရှိ

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ထိခိုက်မှုများ ရှိနိုင်သည့်ကျေးရွာအုပ်စု ၁၀ အုပ်စု၊ အိမ်ထောင်စု ၁၂၈ စု၊ လူဦးရေ ၈၀၆ ဦးအား ဘေးလွတ်သည့် ခိုလှုံရွှေ့ပြောင်းရာနေရာများသို့ ယမန်နေ့က ပြောင်းရွှေ့ပေးလျက်ရှိကြောင်းနှင့် ရွှေ့ပြောင်းနေထိုင်ကြသော ပြည်သူများ၏ စားဝတ်နေရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဆန်အိတ် ၅၀၀၊ ဆီ ပိသာ ၁၅၀၀ ၊ ဆားပိသာ ၅၀၀၊ ငါးပိ ပိသာ ၅၀ စုဆောင်းထားရှိပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ဦးစီးဌာနက အိမ်ထောင်စု ၂၀၀ အတွက် ပစ္စည်း ၁၆ မျိုး အသင့်စုဆောင်းထား ရှိကာ မြို့နယ်လူမှုရေးအသင်းအဖွဲ့ များကလည်း ကူညီထောက်ပံ့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ဂွမြို့၌ မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သည့် ကျေးရွာများအား ကြိုတင်ရွှေ့ပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်

ဂွ မေ ၁၁

ရခိုင်ပြည်နယ် ဂွမြို့နယ်တွင် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မုန်တိုင်းဘေးအန္တရာယ်ကျရောက်နိုင်သည့် ကျေးရွာများအား ကြိုတင်ရွှေ့ပြောင်းရေးလုပ်ငန်းများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ကြွေချိုင်ကျေးရွာရှိ ဒေသခံပြည်သူများက ဓမ္မဒက္ခိဏာ ဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့ခိုလှုံလျက်ရှိသည်။

### ကူညီဆောင်ရွက်ပေး

ရခိုင်ပြည်နယ် ဂွမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ထိခိုက်မှုများရှိနိုင်သည့် ကြွေချိုင်ကျေးရွာရှိ အိမ်ထောင်စု၂၀၊ လူဦးရေ၃၀ တို့အား ဘေးလွတ်သည့် ဓမ္မဒက္ခိဏာဘုန်းတော်ကြီးကျောင်းသို့ ခိုလှုံရွှေ့ပြောင်းရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာလူမှုရေးအသင်းအဖွဲ့များက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ရွှေ့ပြောင်းနေထိုင်ကြသော ပြည်သူများ၏ စားဝတ်နေရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဆန်အိတ် ၅၀၀၊ ဆီပိသာ ၁၅၀၀၊ ဆားပိသာ ၅၀၀၊ ငါးပိ ပိသာ ၅၀ စုဆောင်းထားရှိပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနက အိမ်ထောင်စု ၁၈၁၁၇ စုအတွက် ပစ္စည်း ၁၆ မျိုး အသင့်စုဆောင်းထားရှိကာ မြို့နယ်လူမှုရေးအသင်းအဖွဲ့များကလည်း ကူညီထောက်ပံ့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေရည်ဝင်းကျော်

ပညာရေးဝန်ကြီးဌာန

## ၂၀၂၃ -၂၀၂၄ ပညာသင်နှစ်

**“ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့”**

ကျောင်းအပ်နှံရေးသီတင်းပတ် — ၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှ မေလ ၃၁ ရက်နေ့ထိ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၀၉၃ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆၈ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၁-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၀-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၉၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၆၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၆၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၀,၄၈၃,၄၀၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း (၆၃၆,၈၁၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထား ရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၁၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၅,၆၃၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၃) ဦး ရှိပြီဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက် အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပညာရေးဝန်ကြီးဌာန

## “၂၀၂၃ -၂၀၂၄ ပညာသင်နှစ်”

**ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ**

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘ ပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့်ပူးပေါင်း ဆောင်ရွက်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

## မန္တလေးမြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာ ဖွင့်လှစ်





**မန္တလေး မေ ၁၁**

မန္တလေးမြို့၌ “ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့” ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာ ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ၂၆ လမ်းနှင့် ၇၈ လမ်းထောင့်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဝန်ကြီးချုပ်က မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်လက်ခံခြင်း သီတင်းပတ်အစီအစဉ်အနေဖြင့် မေ ၂၃ ရက်မှ မေ ၃၁ ရက်အထိ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ငါးနှစ်အရွယ် ကလေးများကို သူငယ်တန်း(KG)နှင့် ခြောက်နှစ်အရွယ်ကလေးများကို ပထမတန်း(Grade-1)သို့ အပ်နှံသွားရမည်ဖြစ်ကြောင်း၊ ယခုပညာသင်နှစ်တွင် နဝမတန်း(Grade-9)နှင့် ဒွါဒသမတန်း(Grade-12)အတန်းများကို သင်ရိုးသစ်ဖြင့် သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဟသ်ာတမြို့နယ်၌ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာဆိုင်းဘုတ် စိုက်ထူ

**ဟသ်ာတ မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာဆိုင်းဘုတ်စိုက်ထူခြင်းကို ယနေ့နံနက် ၈ နာရီခွဲက ဟသ်ာတမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

**အမွှေးနံ့သာရည်များ ပက်ဖျန်းပေး**

ဦးစွာ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာဆိုင်းဘုတ်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆန်းထွန်း၊ ခရိုင်ပညာရေးမှူး ဦးတိုးဝင်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်နှင်းယုတို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ကျောင်းအပ်နှံရေး မြေစိုက်ပိုစတာ စိုက်ထူပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်ပညာရေးမှူးရုံးမှ ဆရာကြီး ဆရာမကြီးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## တံတားဦးမြို့နယ်၌ ကျောင်းအပ်နှံရေး မြေစိုက်ပိုစတာဆိုင်းဘုတ် စိုက်ထူ



**တံတားဦး မေ ၁၁**

တံတားဦးခရိုင် တံတားဦးမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် “ကျောင်းနေအရွယ် ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့” မြေစိုက်ပိုစတာဆိုင်းဘုတ်ကို တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် ယနေ့နံနက် ၉ နာရီက စိုက်ထူခဲ့သည်။

အဆိုပါကျောင်းအပ်နှံရေး မြေစိုက်ပိုစတာစိုက်ထူရာသို့ တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ကိုလင်းနှင့် တာဝန်ရှိသူများ၊ တံတားဦးခရိုင် ပညာရေးမှူး ဦးဟန်တင်နှင့် တာဝန်ရှိသူများ၊ တံတားဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးသန်းနိုင်ဦးနှင့်တာဝန်ရှိသူများ၊ ဆရာ ဆရာမများတက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ အသင့်ပြင်ဆင်ထားရှိမှုများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၁**

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းတွင်ဖြစ်ပေါ်လျက်ရှိသည့် လေဖိအားနည်း ရပ်ဝန်းသည် တဖြည်းဖြည်းအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာနိုင်ပြီး ခန့်မှန်းချက်များအရ မြန်မာနိုင်ငံဘက်သို့ ဖြတ်သန်းဝင်ရောက်နိုင်သည့် အခြေအနေရှိနေသဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အသင့်ပြင်ဆင်စုဖွဲ့ထားရှိခြင်း၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များအား ဇာတ်တိုက်လေ့ကျင့်ခြင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဆောင်ရွက်လျက်ရှိသည်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် မြစ်ကြီးနားမြို့ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အားကစားကွင်း၌ မုန်တိုင်းဘေးအန္တရာယ်တုံ့ပြန်နိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအား အမှာစကားပြောကြားစဉ်။

**ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက်နှင့် ယနေ့တို့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌လည်းကောင်း၊ မွန်ပြည်နယ် ပေါင်မြို့နယ် အလုပ်ကျေးရွာရှိသာယာကုန်းကျောင်းတိုက်၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ နယ်မြေခံတပ်၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံတပ်ရင်းများ၌လည်းကောင်း နယ်မြေခံ တပ်မတော်သားများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့်ပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်မှုများ၊ ပြင်ဆင်စုဖွဲ့မှုများကို ဆောင်ရွက်ကြသည်။ ယင်းသို့ ဆောင်ရွက်နေမှုများ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကြိုတင်ပြင်ဆင်ဆောင်ရွက်**

ထို့ပြင် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ဒေသခံပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးအဖွဲ့များ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် အခြားအထောက်အကူပြုပစ္စည်းများ သိုလှောင်ထားရှိခြင်း၊ မုန်တိုင်းဒဏ်ခံ ကာကွယ်ရေးအဆောက်အအုံများ ပြင်ဆင်ထားရှိခြင်း၊ ရိက္ခာ အမယ်ငါးမျိုးနှင့် သောက်သုံးရေ လုံလောက်စွာရရှိရန် ဆောင်ရွက်ထားရှိခြင်းတို့ကို သက်ဆိုင်ရာနယ်မြေအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၀ ရက် နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင် တက်ရောက်အမှာစကားပြောကြားပြီး အစည်းအဝေးတက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ကွပ်ကဲရေးရုံး၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား တိုင်းဒေသကြီးဝန်ကြီးချုပ်ကြည့်ရှုစစ်ဆေး

**ပုသိမ် မေ ၁၁**

ဘင်္ဂလား ပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း **မိုခါ(MOCHA)** နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရေး၊ အရေးပေါ်တုံ့ပြန်နိုင်ရေးနှင့် ပြန်လည်ထူထောင်နိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ကွပ်ကဲရေးရုံးများ အဆင့်ဆင့်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ဖွင့်လှစ်ထားရှိသည့် တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ကွပ်ကဲရေးရုံး၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ကွပ်ကဲရေးရုံးမှ တာဝန်ရှိသူများက မုန်တိုင်းတိုက်ခတ်စဉ်နှင့် မုန်တိုင်းဝင်ရောက်နိုင်မည့်လမ်းကြောင်း တစ်လျှောက် ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု၊ လေတိုက်ခတ်မှုအခြေအနေများနှင့် စားရေရိက္ခာ ထောက်ပံ့ဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ကွပ်ကဲရေးရုံးဖွင့်လှစ်ထားရှိမှုနှင့် မုန်တိုင်းဘေးမှလာရောက်ခိုလှုံသည့် ပြည်သူများအတွက် ဆေးဝါး၊ စားရေရိက္ခာများအား တာဝန်ခံများထံပေးအပ်ခဲ့သည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရွှေသောင်ယံမြို့ သပေါ့ကန်ကျေးရွာရှိ ဓမ္မသုခကာရီ ကျောင်းတိုက်ဆရာတော်အား သွားရောက်ဖူးမြော်၍ မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များအား တင်ပြလျှောက်ထားခဲ့ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ချောင်းသာမြို့ ဒေါနတောင်ကျောင်းတိုက်သို့ သွားရောက်၍ မုန်တိုင်းဘေးကြောင့် ခိုလှုံသည့် ပြည်သူများအား တွေ့ဆုံအားပေးခဲ့ပြီး ဒေါနတောင် ကျောင်းတိုက်ဆရာတော်အားဖူးမြော်၍ မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များအား တင်ပြလျှောက်ထားခဲ့ကာ မုန်တိုင်းရှောင် ပြည်သူများအတွက် ဆေးဝါး၊ စားရေရိက္ခာများအား တာဝန်ခံများထံပေးအပ်ခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ချောင်းသာမြို့ အမှတ်(၃)ရပ်ကွက်ရှိ ဆိုင်ကလုန်းရှက်တာသို့ သွားရောက်၍ မုန်တိုင်းရှောင်ပြည်သူများ ပြောင်းရွှေ့နေထိုင်နိုင်ရေး ပြင်ဆင်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆိုင်ကလုန်းရှက်တာနှင့် ဘုန်းတော်ကြီးကျောင်းများတွင် မုန်တိုင်းရှောင်ရောက်ရှိလာကြသူများအတွက် စားသောက်မှုအဆင်ပြေစေရေး ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သီပေါ၌ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**သီပေါ မေ ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်အတွင်း၌ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ကူညီကယ်ဆယ်နိုင်ရေးအတွက် နယ်မြေခံတပ်ရင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်/ ရပ်ကွက်/ ကျေးရွာများမှ လူမှုကူညီရေး အသင်းအဖွဲ့များနှင့် ပြည်သူများ စုစုပေါင်း အင်အား ၃၀၆ ဦးတို့ ကြိုတင်ဇာတ်တိုက် လေ့ကျင့်မှုများကို ယနေ့နံနက်ပိုင်းက အမှတ်(၂၃) ခြေလျင်တပ်ရင်း အားကစားကွင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။



**၂၁၀**

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းရေဝင်ရောက်မှုများနှင့် သစ်ပင်လဲကျ၍ လမ်းပိတ်ဆို့နေမှုများအား ရှင်းလင်းဆောင်ရွက်

**ရန်ကုန် မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်း ယနေ့နံနက် ၁၀ နာရီက မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်း တိုက်ခတ်မှုကြောင့် ရေဝင်ရောက်မှုများနှင့် သစ်ပင်လဲကျ၍ လမ်းပိတ်ဆို့နေမှုများအား တာဝန်ရှိသူများ ဦးဆောင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းက အမှတ်(၁၈) ရပ်ကွက်မြရည်နန္ဒာလမ်းထိပ်တွင် အရှည် ၂၅ ပေ၊ လုံးပတ်တစ်ပေခွဲရှိ ပိတောက်ပင် လဲကျ၍ လမ်းပိတ်ဆို့နေမှုအား မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ၂၀၂၃ ခုနှစ် ဧပြီလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65) ၊ Scentroid (SL – 50 Scential) ၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များဖြင့် Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$) ၊ Ozone ($O_3$)နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th colspan="2" rowspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန် အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန် အမွှားများ</th><th>ဆာလဖာ ဒိုင် အောက်ဆိုက်</th><th>နိုက် ထရိုဂျင် ဒိုင် အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ရုံးဝင်း ဥတ္တရသီရိမြို့နယ်</td><td>ထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ရုံးဝင်း ဗိုလ်တထောင်မြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ရုံးဝင်း၊ အမရပူရမြို့နယ် မန္တလေးမြို့</td><td>ထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ရုံးဝင်း အောင်မြေသာစံမြို့နယ် မန္တလေးမြို့</td><td>ထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ရုံးဝင်း ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ရုံးဝင်း ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ရုံးဝင်း မိတ္ထီလာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ရုံးဝင်း ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ရုံးဝင်း မုံရွာမြို့</td><td>ထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ကလေးမြို့</td><td>ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ရုံးဝင်း ထားဝယ်မြို့</td><td>ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ရုံးရှေ့၊ ပဲခူးမြို့</td><td colspan="2">လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">ကချင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ရုံးဝင်း မြစ်ကြီးနားမြို့</td><td colspan="5">ကောင်းမွန်</td><td>တိုင်းတာနိုင်ခြင်းမရှိပါ</td></tr>
<tr><td>၈</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>စည်ပင်သာယာရေးအဖွဲ့ရုံးဝင်း ဘားအံမြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဈေးကြိုဝိုင်းအနီး၊ မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">ရခိုင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ရုံးဝင်း စစ်တွေမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ လက်ထောက် ညွှန်ကြားရေး မှူးရုံး ကျောက်ဖြူမြို့</td><td colspan="6">ကောင်းမွန်</td></tr>
</table>

စာမျက်နှာ ၁၆ သို့ ❍

❍ စာမျက်နှာ ၁၅ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၁ | ရှမ်းပြည်နယ် | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း တောင်ကြီးမြို့ | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင် | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် | တိုင်းတာနိုင်ခြင်းမရှိပါ | |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး တာချီလိတ်မြို့ | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင် | | ကောင်းမွန် | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် |
| | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း လားရှိုးမြို့ | တိုင်းတာနိုင်ခြင်းမရှိပါ | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင် | ကောင်းမွန် | တိုင်းတာနိုင်ခြင်းမရှိပါ | ကောင်းမွန် |
| | ၄ | ကျိုင်းတုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသာ အနီး၊ ကျိုင်းတုံမြို့ | ထိခိုက်စေနိုင် | တိုင်းတာနိုင်ခြင်းမရှိပါ | | | |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ပေါက်ခေါင်းမြို့၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

ပေါက်ခေါင်း မေ ၁၁

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ယနေ့နံနက် ၁၀ နာရီက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ၊ ရှာဖွေကယ်ဆယ်ရေးလက်တွေ့သရုပ်ပြပွဲ ဆောင်ရွက်ခြင်း၊ ဘေးအန္တရာယ်ဆိုင်ရာ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲ ကျင်းပဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်က ဘေးအန္တရာယ်ဆိုင်ရာကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းသန်းက မုန်တိုင်းမဖြစ်ခင် ကြိုတင်ပြင်ဆင်မှုအပိုင်း၊ မုန်တိုင်းဖြစ်ပေါ်နေစဉ် ရှောင်ရှားသင့်သည့်အချက်များနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုများ၊ မုန်တိုင်းဖြစ်ပြီးချိန်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးဟောပြောပြီး တက်ရောက်လာသူများက မုန်တိုင်းနှင့်ပတ်သက်သည့် သိလိုသောအချက်အလက်များကိုမေးမြန်းရာ မြို့နယ်မီးသတ်ဦးစီးမှူးက ပြန်လည်ဖြေကြားပေးသည်။

ယင်းနောက် မီးသတ်တပ်ဖွဲ့ဝင်များက မုန်တိုင်းဖြစ်ပွားပြီးနောက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို သရုပ်ပြသဆောင်ရွက်ခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မုန်တိုင်းဘေး၊ ရေဘေးနှင့် ငလျင်ဘေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်နှင့် စာအုပ်များကို ခင်းကျင်းပြသခဲ့ပြီး မုန်တိုင်းဘေးအန္တရယ်ဆိုင်ရာအသိပညာပေး လက်ကမ်းစာစောင်များကို တက်ရောက်လာသူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၅-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၅၅ | ၂၀၀၀ | ၁၉၉၅ | ၁၉၆၀ | ၂၀၀၀ | ၂၀၂၅ | ၂၀၁၀ | ၁၉၈၅ | ၂၀၈၅ | ၂၁၀၀ | ၁၉၉၅ | ၂၀၀၀ | ၂၀၄၀ | ၂၀၄၀ | ၂၀၄၀ | ၂၂၇၀ | ၂၈၁၀ |
| 95 Ron | ၂၀၄၅ | ၂၀၉၅ | ၂၀၉၀ | ၂၀၅၀ | ၂၀၉၀ | ၂၁၁၅ | ၂၁၀၀ | ၂၀၇၅ | ၂၁၇၅ | ၂၁၉၀ | ၂၀၈၅ | ၂၁၀၀ | ၂၁၃၀ | ၂၁၃၀ | ၂၁၃၅ | ၂၃၆၀ | ၂၈၈၅ |
| HSD (500 ppm) | ၁၉၁၅ | ၁၉၆၀ | ၁၉၆၀ | ၁၉၂၀ | ၁၉၆၀ | ၁၉၈၅ | ၁၉၈၀ | ၁၉၄၅ | ၂၀၆၅ | ၂၀၆၀ | ၁၉၅၅ | ၁၉၆၅ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၂၂၃၀ | ၂၉၀၀ |
| HSD (50 ppm) | ၁၉၉၅ | ၂၀၄၀ | ၂၀၄၀ | ၂၀၀၀ | ၂၀၄၀ | ၂၀၆၅ | ၂၀၆၀ | ၂၀၂၅ | ၂၁၄၅ | ၂၁၄၀ | ၂၀၃၅ | ၂၀၄၅ | ၂၀၈၀ | ၂၀၈၀ | ၂၀၈၀ | ၂၃၁၀ | ၂၉၃၀ |
| HSD (10 ppm) | ၁၉၉၅ | ၂၀၄၀ | ၂၀၄၀ | ၂၀၀၀ | ၂၀၄၀ | ၂၀၆၅ | ၂၀၆၀ | ၂၀၂၅ | ၂၁၄၅ | ၂၁၄၀ | ၂၀၃၅ | ၂၀၄၅ | ၂၀၈၀ | ၂၀၈၀ | ၂၀၈၀ | ၂၃၁၀ | ၂၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၅၀ | ၁၉၂၁ |
| 95 Ron | ၁၉၃၈ | ၂၀၁၀ |
| HSD (500 ppm) | ၁၈၁၅ | ၁၈၈၁ |
| HSD (50 ppm) | ၁၈၈၉ | ၁၉၅၆ |
| HSD (10 ppm) | ၁၈၈၉ | ၁၉၅၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရှမ်းပြည်နယ်အစိုးရအဖွဲ့က ယာယီတိုက်ပွဲရှောင်ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်

နောင်တရား မေ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့သို့ ယာယီတိုက်ပွဲရှောင်ရောက်ရှိနေသည့် ပြည်သူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ထောက်ပံ့ငွေများကို နောင်တရားမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးအယ်လ်အောင်ဒင်မှိုင်က ယနေ့ နံနက်ပိုင်းတွင် ထောက်ပံ့ပေးအပ်သည်။

နောင်တရားမြို့ ရတနာရန်နိုင်စေတီတော်၌ ယာယီတိုက်ပွဲရှောင်ပြည်သူ ၄၀၀၊ စန္ဒာခမ်းဘက်စုံဖွံ့ဖြိုးရေးကွင်း၌ ယာယီတိုက်ပွဲရှောင်ပြည်သူ ၁၀၀ တို့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ယာယီတိုက်ပွဲရှောင်ပြည်သူတစ်ဦးလျှင် ကျပ် ၁၀၀၀ ဖြင့် ထောက်ပံ့သည့် ထောက်ပံ့ငွေများကို မြို့အုပ်ချုပ်ရေးမှူးက ထောက်ပံ့ပေးသည်။

ယာယီတိုက်ပွဲရှောင်ပြည်သူများအတွက် အခြေခံစားသောက်ကုန်၊ သောက်သုံးရေနှင့် ကျန်းမာရေးစောင့်ရှောက်မှုများအပြင် အခြေခံလိုအပ်ချက်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့တို့ ပူးပေါင်း၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်အတူ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားသမားများ ပြန်လည်ရောက်ရှိ



ရန်ကုန် မေ ၁၁

မေ ၅ ရက်မှ ၁၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာအားကစားအဖွဲ့သည် ယနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့သို့ မြန်မာ့လေကြောင်းစင်းလုံးငှားလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှဥက္ကဋ္ဌများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၏ မိဘဆွေမျိုးများ၊ မိဘပြည်သူများက အိုးစည်၊ ဒိုးပတ်များ၊ ပန်းစည်းများဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

## ပြန်လည်လိုက်ပါလာ

ပြန်လည် ရောက်ရှိလာသည့် မြန်မာအားကစားအဖွဲ့တွင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဖိတ်ကြားခံပုဂ္ဂိုလ်အဖြစ် တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်အတူ မြန်မာ အားကစားအဖွဲ့ ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် အုပ်ချုပ်မှုအဖွဲ့ ၁၆ ဦး၊ ရွှေတံဆိပ် လေးဆု၊ ငွေတံဆိပ် သုံးဆု၊ ကြေးတံဆိပ် ၁၇ ဆု ရရှိသည့် ဗိုဗီနမ် အားကစားအဖွဲ့၊ ရွှေတံဆိပ် လေးဆု၊ ငွေတံဆိပ် သုံးဆု၊ ကြေးတံဆိပ် တစ်ဆု ရရှိသည့် ခြင်းလုံး အားကစားအဖွဲ့၊ ရွှေတံဆိပ် တစ်ဆု၊ ငွေတံဆိပ် နှစ်ဆု၊ ကြေးတံဆိပ် ခြောက်ဆု ရရှိသည့် ဗိုဗီနမ် (ဘိုကာတာ) အားကစားအဖွဲ့၊ ရွှေတံဆိပ် တစ်ဆု ရရှိသည့် ပီတန်း အားကစားအဖွဲ့၊ ငွေတံဆိပ် တစ်ဆု၊ ကြေးတံဆိပ် တစ်ဆု ရရှိသည့် ရိုးရာလက်ဝှေ့အားကစားအဖွဲ့၊ ကြေးတံဆိပ် နှစ်ဆုရရှိသည့် စစ်တုရင်အားကစားအဖွဲ့၊ ပြေးခုန်ပစ် အားကစားအဖွဲ့၊ ဘော်လီဘော အမျိုးသားအသင်း၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ လက်ဝှေ့တို့မှ နည်းပြများ၊ အုပ်ချုပ်သူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ စုစုပေါင်း ၁၅၈ ဦးတို့ ပြန်လည်လိုက်ပါလာကြသည်။

ယနေ့ ပြန်လည်လိုက်ပါလာသော မြန်မာအားကစားအဖွဲ့ ရွှေတံဆိပ်ဆုရှင်များမှာ ဗိုဗီနမ် အမျိုးသမီး နှစ်ယောက်တွဲ အပြမှ ခိုင်ဝါဖူးနှင့် မေဟန်နီအောင်လွင်၊ အမျိုးသား လေးယောက်တွဲ အပြမှ အောင်ခိုင်လင်း၊ ဟိန်းထက်အောင်၊ ကျော်သူစိုးအောင်၊ ရာဇာထွန်း၊ အမျိုးသား နှစ်ယောက်တွဲ အပြမှ မနားကွီးနှင့် တင်ထူးဇော်၊ အမျိုးသားဓားတစ်လက် အပြမှ အိုက်စိုးလင်း၊ ဗိုဗီနမ်(ခွန်ဘိုကာတာ) ၁+၂ အတွဲ အတိုက်မှ ပိုင်ဇေယျာဖြိုး၊ အံ့ဖွယ်ငြိမ်း၊ နီလာစိုးဦး၊ ခြင်းလုံးအားကစားနည်း အမျိုးသမီး Same Stroke ပြိုင်ပွဲမှ အေးအေးသန့်၊ စုတွယ်တာ၊ မေဖြိုးစံ၊ သဲသဲ၊ တင်နီလာဝင်း၊ ယဉ်မင်းသွယ်၊ ခိုင်သဇင်ဖြိုး၊ ခိုင်ခိုင်၊ အမျိုးသား/အမျိုးသမီး Linking Event –3 မှ လှဲ့ဝတီဇော်၊ အောင်မြင့်မြတ်၊ နှင်းဝတ်ရည်ဗိုလ်၊ အောင်နိုင်ဖြိုးဟန်၊ ရွှန်းလဲ့ဝေ၊ သော်ဝေဇင်၊ ငြိမ်းအိမ္ဗန်၊ စိုင်းဇော်ဇော်၊ အမျိုးသား Event–4 မှ လင်းသစ္စာအောင်၊ ခန့်ဝင်းဟိန်း၊ ဝေယံဖြိုး၊ ရဝေအောင်၊ ဇော်လင်းမောင်၊ ကောင်းမြတ်သီဟ၊ မင်းခန့်ဝင်း၊ မူဝံကျော်၊ အမျိုးသမီး Event–4 မှ အေးအေးသန့်၊ မေဖူးဟန်၊ သဲသဲ၊ ယဉ်မင်းသွယ်၊ စုတွယ်တာ၊ ခိုင်ခိုင်၊ တင်နီလာဝင်း၊ မှုံနံ့သာ၊ ပီတန်းအားကစား Women Single Shooting မှ ခင်ချယ်ရီသက်တို့ ဖြစ်ကြသည်။

မြန်မာ အားကစားအဖွဲ့သည် မေ ၁၁ ရက် နံနက်ပိုင်းအထိ ရွှေတံဆိပ် ၁၄ ဆု၊ ငွေတံဆိပ် ၁၃ ဆု၊ ကြေးတံဆိပ် ၃၇ ဆု စုစုပေါင်း ဆုတံဆိပ် ၆၄ ခု ရရှိနေပြီဖြစ်သည့်အတွက် ယခင်နှစ် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရရှိသည့် ရွှေတံဆိပ် ကိုးဆု၊ ငွေတံဆိပ် ၁၈ ဆု၊ ကြေးတံဆိပ် ၃၅ ဆု စုစုပေါင်း ဆုတံဆိပ် ၆၂ ခုထက် သာလွန်နေပြီဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံတွင်ကျန်ရှိနေသည့် မြန်မာ အားကစားအဖွဲ့များ ဆက်လက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၁၁-၅-၂၀၂၃ (ည ၁၀:၀၀ နာရီ)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၅၈ | ၅၇ | ၇၁ | ၁၈၆ |
| ၂။ | ကမ္ဘောဒီးယား | ၅၆ | ၄၄ | ၅၅ | ၁၅၅ |
| ၃။ | ထိုင်း | ၅၄ | ၃၉ | ၅၈ | ၁၅၁ |
| ၄။ | အင်ဒိုနီးရှား | ၄၂ | ၃၄ | ၅၉ | ၁၃၅ |
| ၅။ | စင်ကာပူ | ၃၅ | ၂၇ | ၃၃ | ၉၅ |
| ၆။ | ဖိလစ်ပိုင် | ၂၇ | ၅၁ | ၆၆ | ၁၄၄ |
| ၇။ | မလေးရှား | ၂၅ | ၃၂ | ၅၀ | ၁၀၇ |
| ၈။ | မြန်မာ | ၁၄ | ၁၃ | ၃၈ | ၆၅ |
| ၉။ | လာအို | ၆ | ၁၄ | ၃၉ | ၅၉ |
| ၁၀။ | ဘရူနိုင်း | ၁ | ၁ | ၄ | ၆ |
| ၁၁။ | တီမောလက်စ်တေ | ၀ | ၀ | ၂ | ၂ |

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာအားကစားအဖွဲ့မှ အားကစားနည်းအလိုက် (၁၁.၅.၂၀၂၃) ရက်နေ့အထိ ဆုတံဆိပ်ရရှိမှုစာရင်း

| စဉ် | အားကစားနည်း | ဆုရရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | စုစုပေါင်း | |
| ၁ | ဗိုဗီနမ် | ၄ | ၃ | ၁၇ | ၂၄ | |
| | ဗိုဗီနမ် (ခွန်ဘိုကာတာ) | ၁ | ၂ | ၆ | ၉ | |
| ၂ | ပိုက်ကျော်ခြင်း | ၂ | | | ၂ | |
| | ခြင်းလုံး | ၄ | ၃ | ၁ | ၈ | |
| ၃ | ဘိလိယက်/စနူကာ | ၂ | | ၁ | ၃ | |
| ၄ | ပီတန်း | ၁ | | | ၁ | |
| ၅ | ခွန်ခမာ | | ၂ | ၇ | ၉ | |
| ၆ | ဝူရှူး | | ၂ | ၁ | ၃ | |
| ၇ | ကြက်တောင် | | ၁ | | ၁ | |
| ၈ | စစ်တုရင် | | | ၂ | ၂ | |
| ၉ | ပြေးခုန်ပစ် | | | ၂ | ၂ | |
| ၁၀ | ခရစ်ကက် | | | ၁ | ၁ | |
| | စုစုပေါင်း | ၁၄ | ၁၃ | ၃၈ | ၆၅ | |

○ ကျောဖုံးမှ

ဆီမီးဖိုင်နယ်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို မေ ၁၁ ရက်က Hotel Pheom Phen တွင် ပြုလုပ်ခဲ့ပြီး မြန်မာနှင့်ထိုင်းအသင်းတို့မှ နည်းပြချုပ်နှင့် အသင်းခေါင်းဆောင်များ တက်ရောက်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ် ယုကီက "ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့လို့ ဝမ်းသာပါတယ်။ အုပ်စုအဆင့်မှာ ပြိုင်ဘက်ကောင်းတွေနဲ့ ယှဉ်ပြိုင်လာရပြီး အခုလို နောက်တစ်ဆင့် တက်ရောက်လာခဲ့တာပါ။ ထိုင်းကတောင့်တင်းတဲ့အသင်းကောင်းတစ်သင်းဖြစ်ပြီး အင်အားကြီးပါတယ်။ ပြိုင်ဘက်ကို လေးလေးစားစားနဲ့ ယှဉ်ပြိုင်သွားမှာဖြစ်ပြီး အကောင်းဆုံးပြင်ဆင်သွားပါမယ်"ဟု ပြောကြားသည်။

ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ် နာရူဖွန်က "ထိုင်းအသင်းအနေနဲ့ အုပ်စုအဆင့်ကို အကောင်းဆုံးကျော်ဖြတ်နိုင်ခဲ့ပြီး ဆီမီးဖိုင်နယ်မှာ မြန်မာအသင်းနဲ့တွေ့ရမှာပါ။ မြန်မာအသင်းကို အာဆီယံနဲ့ ဆီးဂိမ်းပြိုင်ပွဲတွေမှာ မကြာခဏတွေ့ဖူးလို့ အတော်ကိုရင်းနှီးနေတဲ့ အသင်းတစ်သင်းပါ။ အခုပြိုင်ပွဲမှာတော့ ဂျပန်လူမျိုးနည်းပြချုပ်အသစ်နဲ့ လာပြိုင်တာကိုတွေ့ရပါတယ်။ မြန်မာအသင်းကို လေးလေးစားစားနဲ့ ယှဉ်ပြိုင်သွားမှာပါ"ဟု ပြောကြားသည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MFF**

## ဆီးဂိမ်း Kun Khmer ပြိုင်ပွဲပြီးဆုံးခဲ့ပြီး မြန်မာအဖွဲ့ ငွေ နှစ်ခု၊ ကြေး ခုနစ်ခုရရှိ

ရန်ကုန် မေ ၁၁

ဆီးဂိမ်း Kun Khmer ပြိုင်ပွဲ နောက်ဆုံးနေ့ကို မေ ၁၁ ရက်က ဆက်လက်ကျင်းပရာ မြန်မာ Kun Khmer အဖွဲ့သည် ပြိုင်ပွဲအပြီးတွင် ငွေ နှစ်ခု၊ ကြေး ခုနစ်ခု ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲနောက်ဆုံးနေ့တွင် မြန်မာ Kun Khmer အဖွဲ့သည် အမျိုးသား ၈၁ ကီလိုတန်း ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပြီး ထွန်းထွန်းမင်းနှင့် အိမ်ရှင် ကမ္ဘောဒီးယားကစားသမား ဆမ်မန်ရမ်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ ဆမ်မန်ရမ်သည် ထွန်းထွန်းမင်းကို ၃၀–၂၇ မှတ်ဖြင့် အနိုင်ရကာ ရွှေတံဆိပ်ရခဲ့ပြီး ထွန်းထွန်းမင်းမှာမူ ငွေတံဆိပ်ဆုဖြင့် ကျေနပ်ခဲ့ရသည်။ ပြိုင်ပွဲအပြီးတွင် မြန်မာ Kun Khmer အဖွဲ့သည် ငွေတံဆိပ်ဆုများကို အမျိုးသား ၈၁ ကီလိုတန်းတွင် ထွန်းထွန်းမင်း၊ အမျိုးသမီး ၄၈ ကီလိုတန်းတွင် မေသဇင်ထူး၊ ကြေးတံဆိပ်ဆုများကို အမျိုးသား ၅၄ ကီလိုတန်းတွင် ဟိန်းသူအောင်၊ အမျိုးသား ၅၇ ကီလိုတန်းတွင် စောအတစ်၊ အမျိုးသား ၆၃ ဒသမ ၅ ကီလိုတန်းတွင် စောလှဝင်းစိုး၊ အမျိုးသား ၇၁ ကီလိုတန်းတွင် နိုင်ရဲလင်း၊ အမျိုးသား ၇၅ ကီလိုတန်းတွင် ကျော်လင်းထက်၊ အမျိုးသမီး ၅၁ ကီလိုတန်းတွင် မာရီနာ၊ အမျိုးသမီး ၅၇ ကီလိုတန်းတွင် ဥမ္မာစိုးတို့က ရရှိခဲ့သည်။

ဆီးဂိမ်း Kun Khmer ပြိုင်ပွဲတွင် ကီလိုတန်း ၁၉ တန်း ထည့်သွင်းကျင်းပခဲ့ပြီး အိမ်ရှင်ကမ္ဘောဒီးယားနှင့် ဗီယက်နမ်ကစားသမားများသာ ရွှေတံဆိပ်ဆုရယူနိုင်ခဲ့သည်။ အိမ်ရှင်ကမ္ဘောဒီးယားအသင်းက ရွှေ ၁၄ ခု၊ ငွေ သုံးခု၊ ကြေး သုံးခုဖြင့် နိုင်ငံအလိုက် ပထမနေရာရခဲ့ပြီး ဗီယက်နမ်အသင်းက ရွှေ ငါးခု၊ ငွေ ရှစ်ခု၊ ကြေး လေးခု ရရှိခဲ့သည်။

**ကိုညီလေး**

## (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအမျိုးသမီးဘောလုံးအသင်း အကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်မှုအား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၁၁

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

အဆိုပါ အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် ထိုင်းအမျိုးသမီးဘောလုံးအသင်းတို့သည် မေ ၁၂ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ထိုသို့ယှဉ်ပြိုင်ကစားကြပုံများကို MRTV HD Channel၊ MRTV Sports Channel၊ MRTV Parliament Channel၊ MRTV Farmers’ Channel နှင့် မြန်မာ့အသံရေဒီယိုတို့က တိုက်ရိုက် Live ထုတ်လွှင့်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

# အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အခြေအနေ

**(မေ ၁၁ ရက် ည ၉ နာရီခွဲ ထုတ်ပြန်ချက်)**

**အားကောင်းသော**
**ဆိုင်ကလုန်းမုန်တိုင်းအခြေအနေ**

ယနေ့ ည ၈ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း မိုခါသည် မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါအဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါသည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၃၃၅ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၄၃၅ မိုင်ခန့်၊ စစ်တွေမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၅၅၀ ခန့်၊ အိန္ဒိယနိုင်ငံ နီကိုးဘား ကျွန်း၏ အနောက်-အနောက်မြောက် ဘက် ရေမိုင် ၄၆၅ မိုင်ခန့်၊ ပို့ပလဲယား၏ အနောက်ဘက် ရေမိုင် ၂၈၅ မိုင်ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၅၉၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါ၏ လက်ရှိအခြေအနေမှာ ဘင်္ဂလားဒေ့ရှ်-မြန်မာကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနိုင်သည့် အခြေအနေရှိသဖြင့် လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်သည်။


**အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းမိုခါ၏တည်နေရာ၊ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါသည် ယနေ့ ည ၈ နာရီခွဲတွင် မြောက်လတ္တီတွဒ် ၁၂ ဒသမ ၃ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၈၇ ဒသမ ၉ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၆၀ မှ ၇၀ နှုန်း ခန့် ဖြစ်သည်။

**နောက်(၄)ရက်အတွင်း ခန့်မှန်းချက်**

အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါသည် နောက် ၁၂ နာရီအတွင်း မြောက်ယွန်းယွန်းသို့ ရွေ့လျားနိုင်ပြီး၊ မေ ၁၂ ရက်တွင် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါအဖြစ်သို့ ရောက်ရှိနိုင်သည်။ ထို့နောက် အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါသည် မြောက်-အရှေ့မြောက်ဘက်သို့ တဖြည်းဖြည်းကွေ့ကာ မေ ၁၄ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့တို့ကြား စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

မေ ၁၁ ရက် ည ၈ နာရီခွဲ တိုင်းထွာချက်အရ
အားကောင်းသော ဆိုင်ကလုန်း မုန်တိုင်း "မိုခါ"လမ်းကြောင်းပြ မြေပုံ




**သတိပေးနှိုးဆော်ချက်**

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ၏ အရှိန်ကြောင့် ယနေ့ညမှ မေ ၁၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ ယနေ့ညမှ မေ ၁၄ ရက်အတွင်း မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၈၀ မှ မိုင် ၁၀၀ ခန့်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၃ ပေမှ ၁၆ ပေခန့် ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်ခန့်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ၏ အရှိန်ကြောင့် မေ ၁၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ခန့်အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရသည်။

မေ ၁၃ ရက်မှ ၁၅ ရက်အတွင်း ရခိုင်ပြည်နယ်တွင် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၀၀ မှ ၁၀၅ မိုင်ခန့်အထိ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ မှ ၆၀ ခန့်အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းဖြတ်ကျော်စဉ် မုန်တိုင်းဒီရေမှာ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ မောင်တောခရိုင်တို့ရှိ မြစ်ဝ၊ မြစ်လက်တက်များအတွင်း ၁၀ ပေမှ ၁၄ ပေခန့်အထိနှင့် ကျောက်ဖြူခရိုင်ရှိမြစ်ဝ၊ မြစ်လက်တက်များအတွင်း ခုနစ်ပေမှ ၁၀ ပေခန့်အထိ မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းရသည်။

**အကြံပြုချက်**

အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကို လည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြု နေထိုင်ကြပါရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်သူလူထုအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ချက်များကို စောင့်ကြည့်၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ၂၀၂၃ ခုနှစ် မေလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မေလ(၁၃-၁၈)ရက်နေ့အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ လည်းကောင်း၊ မေလ(၁၉-၂၄) ရက်နေ့အတွင်း မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသများသို့ လည်းကောင်း အသီးသီးဝင်ရောက်နိုင်ပါသည်။ မေလ ပထမ(၁၀)ရက်ပတ်အတွင်း ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသော အားကောင်းသောမုန်တိုင်းငယ်သည် မေလ ဒုတိယ(၁၀)ရက်ပတ်အတွင်း ဆက်လက်တည်ရှိနေပြီး ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့် ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင် ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန် ပြည်နယ်တို့တွင် မေလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မိုး/ဇလ**

# "အသံထွက်၍စာဖတ်ပြခြင်း" သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် မေ ၁၁**

သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန အမျိုးသားစာကြည့်တိုက်(ရန်ကုန်)က ကြီးမှူးကျင်းပသော အာဆီယံကလေးသူငယ်များ စာဖတ်ခြင်းယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ပြပါ(Read me a Book) အစီအစဉ်၏ "အသံထွက်၍ စာဖတ်ပြခြင်း" သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပန်းဘဲတန်းမြို့နယ်ရှိ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ညီလာခံခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကျောင်းစာကြည့်တိုက် တာဝန်ခံ ဆရာ ဆရာမများ၊ လူထုအခြေပြုဗဟိုဌာနများနှင့် ကိုယ်ထူကိုယ်ထ စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ၊ ပုဂ္ဂလိကကျောင်းစာကြည့်တိုက်မှူးများ၊ရန်ကင်းပညာရေးကောလိပ်မှ ဆရာ ဆရာမများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး အမျိုးသားစာကြည့်တိုက်(ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါက်တာကေသီအေးက စာဖတ်ပြပါအစီအစဉ်အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ စာကြည့်တိုက်မှူး ဒေါ်မျိုးက အသံထွက်၍ စာဖတ်ပြခြင်း သီအိုရီဆိုင်ရာ ရှင်းလင်းပို့ချခြင်း၊ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)မှ ဦးစီးအရာရှိ ဒေါ်စိုးသီတာက မူလတန်းနှင့် အလယ်တန်းအဆင့်



ကလေးများကို အသံထွက်၍စာဖတ်ပြခြင်း လက်တွေ့သရုပ်ပြသင်ကြားပြီး သင်တန်းသား သင်တန်းသူများက လက်တွေ့သရုပ်ပြသ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/A)၊ လူနေရပ်ကွက်အမှတ်(ကုန်းဘောင်)၊ မြေကွက်အမှတ်(၁၀၂)၊ အကျယ်အဝန်း (၈၅'x၈၀')၊ ဧရိယာ(၀.၁၅၆)ဧက၊ (၆၈၀၀)စတုရန်းပေ၊ နှစ်(၆၀)ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြို့ပြမြေယာဌာနတွင် ဒေါ်နန်းတင့်နွယ်(ခ)နန်းကေသီနွယ် [၁၂/ဗဟန(နိုင်) ၀၆၃၇၉၇]မှ အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ ဆက်စပ်စာချုပ်များအရ လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ယဉ်ဖြူလွင် [၁၂/ဗဟန(နိုင်)၀၉၄၈၈၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်လှ [၁၃/လရန(ဧည့်)၀၀၀၁၆၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သဲစုထွေး(LL.B,D.B.L,D.M.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၁၇၃)**
**အမှတ်(၆၂)၊ ပထမထပ်၊ အခန်းအမှတ်(၉)၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၂၅၁၀၂၀၄၁၅၊ ၀၉–၆၇၂၄၄၄၆၅၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၄/တိုးချဲ့)၊ မြေကွက်အမှတ် (၄၂)၊ အကျယ်အဝန်း (၃၀'x၅၀')ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်မင်းနှင့် ဒေါ်တင်နွဲ့တို့ထံမှ ဦးစံလှမောင် [၂/လကန(နိုင်)၀၀၆၆၇၂]က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းမှ အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးရန်နိုင်ကျော် [၁၁/စတန(နိုင်)၀၁၆၄၁၄]က အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ကေသီထိုက်**
**အထက်တန်းရှေ့နေ (စဉ်–၄၅၀၈၈/၁၂)**
**အမှတ် (၂၇/၂၉)၊ ဒု–ထပ်၊ (၃၅)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၇၉၅၄၁၄၁၄၈**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အနော်မာအနောက် (၁၁) လမ်း၊ အမှတ် ၄၆၄ နေ အဖ ဦးအာရှရစ်အလီ(ခ)ဦးကျော်ကျော် [၁၂/သကတ (နိုင်) ၂၁၈၁၂၄]၏ သမီး မစုရတီ၏ မွေးသက္ကရာဇ် အမှန်မှာ (၂၈–၃–၂၀၀၇) ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ Yankin Housing Project (2011–2012)အိမ်ရာ၊ တိုက်အမှတ် (၉/၅)၊ အခန်းအမှတ် (၅၃)အား အမည်ပေါက် ဒေါက်တာခင်မောင်ညို [၆/တသရ (နိုင်) ၀၁၂၂၄၄]ထံမှ ဒေါ်ချို နှင်းဝေ [၁၂/ဥကမ(နိုင်)၁၇၇၆၆၆]က စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီးဖြစ်ပါသဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး**
**ဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မိုးမခလမ်း၊ တိုက်အမှတ် (၃၈)ရှိ (၁၂.၅ x ၅၀)ပေ အကျယ်ရှိ ဒုတိယထပ်၊ (၃)လွှာ–B တိုက်ခန်း၏ အရပ်ရပ်ပိုင်ဆိုင်မှုဆိုင်ရာ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရည်မွန်သိန်း မှတ်ပုံတင်အမှတ် [၈/မတန(နိုင်)၀၅၉၅၀၄] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးမြင့်ရီ မှတ်ပုံတင်အမှတ် [၇/လပတ(နိုင်)၀၀၉၀၆၂] ကိုင်ဆောင်ထားသူသည် အဆိုပါ ဒုတိယထပ်တိုက်ခန်းနှင့် အရပ်ရပ်ပိုင်ဆိုင်မှုဆိုင်ရာ အကျိုးခံစားခွင့်အားလုံးတို့ကို အပြီးအပိုင် တရားဝင်လွှဲပြောင်းရယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက လွှဲပြောင်းရယူခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆုလှိုင်အေး**
**LL.B, LL.M**
**အထက်တန်းရှေ့နေ (စဉ်–၃၇၉၈၇)**
**ဖုန်း – ၀၉–၇၉၈၄၂၅၅၅၆**

## သွေးသည် အသက်

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ တောင်လေးလုံးကျေးရွာအုပ်စု၊ ကွင်းအမှတ်–(၉၉/ဦးမှင်ရွာမ)၊ ဦးပိုင်အမှတ်–(၁၄၉) ပိုင်ဆိုင်ခွင့် – မြေအမျိုးအစား– ယာမြေ (၂.၁၉)ဧက အကျယ်အဝန်းရှိ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု ပုံစံ(၇)ကျပြီး မြေအမျိုးအစား မြေကွက်အပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တောင်ကြီးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှု မြို့မြေစာရင်းဦးစီးဌာနတွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု ပုံစံ(၇) ရရှိထားသော အမည်ပေါက်ပိုင်ရှင် ဦးဝင်းဇော် (ဘ) ဦးစံကြည် [၁၂/ဥကတ(နိုင်)၁၃၅၇၉၉]၊ အမှတ်– ၁၈၅၊ (၇)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ် ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P, LL.B. D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၅၁၅)** |
| **အမှတ်–၁၂၊ ၂–လမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊** | **အမှတ်–၁၂၊ ၂–လမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊** |
| **ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၇၁၄၃၃** | **ရန်ကုန်မြို့။ ဖုန်း– ၀၉–၂၅၄၄၈၈၃၃၀** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့ ၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ ဝေဘာဂီလမ်းမကြီး၊ မြေကွက်အမှတ် (၃၀၉ ၁/၂)၊ မြေအကျယ်အဝန်း (၂၀ပေx၆၀ပေ)၊ဧရိယာ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးမြစိန် [၁၂/ဥကမ(နိုင်)၀၉၀၄၁၄]** အမည်ဖြင့်အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်မှာ ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏အမွေဆက်ခံခွင့်ရှိသူ သားသမီးများဖြစ်ကြသည့် **၁။ ဒေါ်ခင်ခင်ဦး [၁၂/ဥကမ(နိုင်)၀၅၅၇၉၄] ၂။ ဦးခင်လတ် [၁၂/ဥကမ(နိုင်) ၀၉၁၄၉၀]၊ ၃။ ဒေါ်ခင်ခင်ချို [၁၂/ဥကမ(နိုင်)၀၉၁၄၈၄]**တို့မှ အမွေဆက်ခံပိုင်ဆိုင်လာပြီး မိမိတို့သာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၁၂**

## သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## မြန်မာ့စီးပွားရေးဘဏ်(ရှမ်းပြည်နယ်ရုံး)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်(ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ)ဖြင့် မြန်မာ့စီးပွားရေးဘဏ် (ရှမ်းပြည်နယ်ရုံး)မှ အောက်ဖော်ပြပါ အကြီးစားမွမ်းမံပြုပြင်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းအမည် | လုပ်ငန်းတည်နေရာ |
|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် (ရှမ်းပြည်နယ်ရုံး) တောင်ကြီးနှင့် တောင်ကြီးခရိုင်ဘဏ်ခွဲ၊ အကြီးစားမွမ်းမံပြုပြင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ | တောင်ကြီးမြို့ |

၂။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် – ၁၂–၅–၂၀၂၃ ရက် (သောကြာနေ့)မှ ၂၅–၅–၂၀၂၃ ရက် (ကြာသပတေးနေ့)ထိ နေ့စဉ် နံနက် (၉:၀၀)နာရီမှ ညနေ (၄:၀၀)နာရီအထိ

၃။ တင်ဒါအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်ရက် – ၂၅–၅–၂၀၂၃ ရက် (ကြာသပတေးနေ့) ညနေ (၄:၀၀)နာရီ

၄။ တင်ဒါလျှောက်လွှာဝယ်ယူတင်သွင်းရမည့်နေရာ – မြန်မာ့စီးပွားရေးဘဏ် (ရှမ်းပြည်နယ်ရုံး)တောင်ကြီးမြို့

၅။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်နှင့်တင်ဒါဖွင့်လှစ်မည့်နေရာ – ထပ်မံအကြောင်းကြားပါမည်။

၆။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို မြန်မာ့စီးပွားရေးဘဏ်(ရှမ်းပြည်နယ်ရုံး)၊ တောင်ကြီးမြို့ ဖုန်း–၀၈၁–၂၀၁၉၃၅၊ ၀၈၁–၂၀၁၉၃၆၊၀၈၁–၂၁၂၂၁၅၆ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရေးလုပ်ငန်းကော်မတီ**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅)၊ ကျွန်းရွှေဝါလမ်း၊ မြေကွက်အမှတ်(၉၄၄)၊ (အလျား ၄၀ပေ x အနံ ၆၀ပေ) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သီဂီစိုး [၁၀/ခဆန(နိုင်)၀၀၀၅၉၂]မှ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၂၄)** |
| **Ph: 09954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph: 09–420080932,** |
| | **09–983837110** |

## "အများသိစေရန်"

ဦးကျော်ရွှေ [၈/ရနခ(နိုင်)၀၁၀၇၃၉] ကိုင်ဆောင်သူ အမှတ်–၁၁၄၂၊ ရော၀တီလမ်း၊ (၈၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေသူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်–

ဦးကျော်ရွှေနှင့် ဒေါ်ခင်ဌေးရီ [၁၂/လကန(နိုင်)၀၆၀၀၃၄] ကိုင်ဆောင်သူ၊ အမှတ် ၁/၆/၈–စိုက်/မွေး–၁ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် နေထိုင်သူတို့သည် (၄–၂–၂၀၂၃)ရက်နေ့က နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ် ပြုလုပ်ချုပ်ဆိုထားကြသည်မှာ မှန်သော်လည်း ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ညောင်ပင်ကျေးရွာ၊ အမှတ်(၆၄) ဟုခေါ်တွင်သော (အလျား ၈၀ပေ x အနံ ၈၀ပေရှိ) မြေကွက်နှင့်ပတ်သက်၍ ဦးကျော်ရွှေ သိရှိခြင်းမရှိဘဲ မြေကွက်အတွင်း နေအိမ်ဆောက်လုပ်ခြင်း၊ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ ဦးကျော်ရွှေမှ တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ–** | **လွှဲအပ်ချက်အရ–** |
| **ဦးကျော်ရွှေ** | **ဒေါ်မီမီအောင်(LL.B)** |
| **အမှတ်–၁၁၄၂၊ ရော၀တီလမ်း၊** | **အထက်တန်းရှေ့နေ** |
| **(၈၅)ရပ်ကွက်၊ ဒဂုံမြို့သစ်** | **(စဉ်–၄၁၀၀၁)** |
| **(ဆိပ်ကမ်း)မြို့နယ်။** | **အမှတ်–၉၆၈၊ မြကျောင်းသာလမ်း၊** |
| **Ph: 09–697595834,** | **(၈၅)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်။** |
| **09–766233014,** | **Ph: 09–451308400** |

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်– ၃၀၈၁၊ ၃၀၈၂၊ အကျယ်အဝန်း (၅၀ပေx၅၀ပေ)၊ စတုရန်းပေ (၂၅၀၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်သန်းသန်းချို (L/RGN–036292) အမည်ပေါက်လျက်ရှိသော နှစ်(၆၀) မြေငှားဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ မူလမြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏ ခေါင်းရင်းဘက်ခြမ်း အကျယ်အဝန်း (၂၅ပေ x ၅၀ပေ)၊ စတုရန်းပေ (၁၂၅၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၀၈၁)၊ ပဲခူးလမ်း၊ ကျန်စစ်သားရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို (၂၀–၁၁–၂၀၀၅)နေ့စွဲပါ ဆက်စပ်စာချုပ်အရ ရောင်းသူ ဒေါ်သန်းသန်းစိုး (ကေအမ်ဒဗလျူ–၁၂၇၃၁၆)မှ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၂၆)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ၁–ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၆/ကေ၊ မြေကွက်အမှတ်– ၁၁၁ W[1]/B၊ ဧရိယာ (၀.၂၄၃)ဧက၊ မြေအမျိုးအစား– မြေပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၄၁)၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်တို့သည်** မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဒေါ်အေးမြမူ [၁၂/ဗတထ(နိုင်)၀၀၀၉၁၆] [၎င်း၏ကိုယ်စား ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်– ၉၄၃၆/၂၀၂၂ (၈–၆–၂၀၂၂)ရရှိသူ ဒေါ်ရီရီဝင်း [၁၂/တကန(နိုင်) ၀၄၃၉၃၆]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၃၄၁)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၄ H၊ မြေကွက်အမှတ်– ၂၄၃/A၊ ဧရိယာ (၀.၀၅၇)ဧက၊ မြေအမျိုးအစား– နှစ်(၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၄၃)၊ စက်မှုလက်မှု (၄)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့သည်** မြို့မြေစာရင်းတွင် ဦးအုန်းကျော် [၁၂/တမန(နိုင်)၀၃၄၉၉၃] အမည်ပေါက်ပြီး၊ အမည်ပေါက်ပိုင်ရှင်ဖခင် ဦးအုန်းကျော်သည် အသက် (၈၁)နှစ်အရွယ် (၁၈–၃–၂၀၀၉)ရက်နေ့တွင်လည်းကောင်း၊ မိခင်ဒေါ်သောင်းရီသည် အသက် (၆၇)နှစ်အရွယ် (၃၀–၁၀–၁၉၉၅)ရက်နေ့တွင် လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် တရားဝင်ဆက်ခံသူ သားသမီးများဖြစ်သည့် ဒေါ်ခင်အုန်းရီ (L/RGN–၀၃၂၂၁၅)ပါ (၅)ဦးတို့မှ တရားဝင်ဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၃၄၁)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဒေါ်အေးအေး (၁၂/ရပသ (နိုင်) ၀၆၅၈၄၅) နှင့် အများသိစေရန်ကြေညာခြင်း

၁။ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်သက်နိုင် (၁၂/ကမတ (နိုင်) ၀၅၅၉၅၁)(ဘ) ဦးမြင့်စိုး နှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်အေးအေး (၁၂/ရပသ (နိုင်) ၀၆၅၈၄၅) (ဘ) ဦးထွန်းကြည်တို့သည် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သီရိလမ်း၊ တိုက်အမှတ် (၃၂၆/အေ)၊ (၆–လွှာ)နေအိမ်တိုက်ခန်းတွင် အတူပေါင်းသင်းနေထိုင်စဉ် ဇနီးဖြစ်သူ ဒေါ်အေးအေးသည် (၉–၁၂–၂၀၂၁) ရက်နေ့တွင် ၎င်း၏သဘောဆန္ဒဖြင့် နေအိမ်တိုက်ခန်းမှအပြီးအပိုင်ဆင်းသွားခဲ့ပါသည်။

၂။ ဒေါ်အေးအေးသည် နေအိမ်မှဆင်းသွားစဉ် (1J/3053) Honda Civic ဆလွန်းကား (၁)စီးနှင့် ကာလတန်ဖိုးသိန်း (၂၀၀) ခန့်တန်ဖိုးရှိ လက်ဝတ်ရတနာများပါယူဆောင်သွားပါသည်။

၃။ သို့ဖြစ်ပါသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်သက်နိုင်နှင့် ဒေါ်အေးအေးတို့သည် ဒေါ်အေးအေးနေအိမ်တိုက်ခန်းမှ ဆင်းသွားသည့် (၉–၁၂–၂၀၂၁) ရက်နေ့မှစ၍ လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးမျိုးညွန့်ဝင်း ( စဉ်–၇၁၁၉ )
H.G.P, LL.B, D.B.L, D.M.L, Post Graduate Dip. in Global English

| | |
|---|---|
| ဒေါ်စောစန္ဒီစိမ့် ( LL.B ) | ဒေါ်အေးအေးမိုး ( LL.B ) |
| (စဉ်–၁၇၅၂၁) | (စဉ်–၁၇၉၄၅) |

တရားလွှတ်တော်ရှေ့နေများ
အမှတ် (၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၄၂၇၀၁၈၃၅ ၊ ၀၉ ၇၉၆၅၄၁၁၄၆

## ကြော်ငြာစာ

## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)

## သဃ်္ဃန်းကျွန်းခရိုင်တရားရုံးတော်

## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၂၅

## ကွယ်လွန်သူ ဦးရဲမြင့်၏ ကျန်ရှိသောပစ္စည်းနှင့် စပ်လျဉ်းသည့်အမှု

ဒေါ်အိအိထွေး ---------------------- လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၀-ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၁၁/က)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ (သေတမ်းစာ ရေးသားသူ) ဦးရဲမြင့်၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ သေတမ်းစာအတည်ပြု လက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူ ဒေါ်အိအိထွေး က အမွေဆက်ခံခြင်းဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ခုနှစ်၊ ဇွန်လ (၆) ရက်(၁၃၈၅ခုနှစ်၊ နယုန်လဆုတ် ၄ရက်)နေ့ နံနက်(၁၀:၀၀) နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် . ထိုကွယ်လွန်သူ (သေတမ်းစာရေးသားသူ) ဦးရဲမြင့်၏ ကျန်ရှိသောပစ္စည်းတွင် အကျိုးစီးပွားသက်ဆိုင်သည်ဟု အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သောနေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးဖြင့်သော် လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာအတည်ပြု လက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဒေါ်အိအိထွေး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ခုနှစ်၊ မေလ (၁၁)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းမြင့်ထွန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**သဃ်္ဃန်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မြောက်ဥက္ကလာပ မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဆ၊ မြေကွက်အမှတ်-၁၈၀-အေ-၂/ခ၊ ၁၂၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ် (၁၈၀-အေ-၂/ခ)၊ သုနန္ဒာ(၁၃)လမ်း၊ (ဆ)ရပ်ကွက်၊ ဦးလှတင်(ISN-185596) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးလှတင်(ခင်ပွန်း) သည်(၁၇-၇-၂၀၀၇)ရက်နေ့ တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်သန်း [၁၂/ဥကမ(နိုင်) ၀၃၁၄၂၁]မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားအမွေဆက်ခံပိုင်ဆိုင်သူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၁၂၉/၂၀၂၃/၂-၁-၂၀၂၃၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ ဘူတာရုံလမ်း၊ အမှတ် (၅)နေ ကျွန်ုပ်၏မိတ်ဆွေ **ဦးဟုတ်စွန် (ဘ) ဦးလူဘွန်တန်** နိုင်ငံသားအမှတ် [၁၂/လမန(နိုင်)၁၁၃၁၆၉] ကိုင်ဆောင်သူနှင့် **ဒေါ်ချိုချို(ဘ) ဦးကုလားလေး** [၁၂/ကတတ (နိုင်) ၀၂၂၆၃၀] ကိုင်ဆောင်သူတို့ နှစ်ဦးသည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် (၂၇-၃-၂၀၂၃)ရက်နေ့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြီးဖြစ်ပါကြောင်း၊ နောက်နောင်တွင် ဒေါ်ချိုချိုနှင့်ပတ်သက်၍ မည်သည့်ကိစ္စတစ်စုံတစ်ရာမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးဟုတ်စွန်က တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟုတ်စွန်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာဆွေ**
**LL.B, D.M.L, D.I.L, D.B.L WIPO Switzerland**
**တရားလွှတ်တော်ရှေ့နေ ( စဥ် - ၇၈၄၁ )**
**အမှတ် (၁၀၉)၊ ၂၇-လမ်း(လယ်)၊ (၄)ရပ်ကွက်၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ အရှေ့ အေရုံဟောင်း၊ ဆိုင်အမှတ်(၄)၊ ဆိုင်ခန်းအငှားချထားခြင်းခံရသူ ဦးမြင့်သိန်း [၁၂/တမန(နိုင်)၀၀၆၈၃၂]၏ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အမှတ် (W-02150) ပျောက်ဆုံးသွားပါ၍ မိတ္တူမှန်ထုတ်ယူခွင့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်း နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တာဝန်ခံ**
**မောင်အေး**
**ကပ-၃၃၀၁၉၊ ဈေးတာဝန်ခံ-၁**
**ဗိုလ်ချုပ်အောင်ဆန်းဈေး**
**ဖုန်း-၀၉-၅၄၀၅၆၄၇**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၈၆၀)ဟုခေါ်တွင်သည့် မြေပေါ်တွင် ဆန်းမြတ်ထွန်းဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ တည်ဆောက်မည့်(၂)ခန်းတွဲ (၈)ထပ်တိုက်၏ ကန်ထရိုက်တာဘက်မှ ရရှိအကျိုးခံစားခွင့်ရှိသည့် တိုက်ခန်းများအနက် တိုက်ခန်းအမှတ်(၃-ဘီ) တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူကန်ထရိုက်မှရောင်းချခွင့်ရှိကြောင်း ဝန်ခံသဖြင့် ကြိုပွဲဝင့်စနစ်ဖြင့် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးဝင်းထက်နိုင်[၁၄/ပသန(နိုင်)၂၃၁၁၄၈]က စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်** | **ဒေါ်ခိုင်ဆုဝေ** |
| **(LL.B, D.B.L, D.I.L, D.M.L)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဥ်-၁၄၅၃၇)** | **(စဥ်-၅၂၀၆၅)** |

**အမှတ်(၉၃၆)၊ ရွှေနှင်းဆီ(၂)လမ်း၊ (၉)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၉၈၉၄၂၊ ၀၉-၇၉၅၉၂၁၉၃၂**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ(၁၈)လမ်းအရှေ့၊ အမှတ်(၄၅) ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသည့် အကျယ်အဝန်း အလျား(၁၉ပေ x အနံ၅၄)ပေရှိ (၂)ခန်းတွဲ(၅)ထပ်တိုက်၏ ပထမထပ် ယာဘက်ခြမ်း တိုက်ခန်းအား ဂရန်အမည်ပေါက် ဦးလှမောင်ထံမှ အရပ်စာချုပ်ဖြင့် လက်ဝယ်ထားပိုင်ဆိုင်သူ ဒေါ်ဖွားချစ် [၁၂/သကတ(နိုင်)၀၄၃၀၈၈] ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူသွားရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ စ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ယဉ်ယဉ်ဌေး** | **ဒေါ်ခင်ခင်ဆု (LL.B)** |
| **[၁၂/ဒပန(နိုင်)၀၄၃၅၂၈]** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဥ်-၁၇၉၆၇)** |

**အမှတ်(၂၆၆)၊ စံပြ(၃)လမ်း၊ ယမုံနာ (၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်။**
**ဖုန်း - ၀၉-၂၅၄၃၁၈၂၉၈၊ ၀၉-၇၇၁၁၅၃၃၃၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (စက်မှုဇုန်-၂)၊ ဦးတရုတ်လမ်း၊ အမှတ်(၆၆/A)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက် အမှတ်-(စက်မှုဇုန်-၂)၊လူနေရပ်ကွက်(-)၊မြေကွက်အမှတ်-(၆၆/A)၊ဧရိယာ(၅ ・၀)ကေရှိပါမစ်မြေအမျိုးအစား မြေကွက်နှင့်ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့မှာရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာရှိမြို့မြေစာရင်းမှတ်တမ်းတွင်မြေချပါမစ်အမှတ်စဥ်-(၀၃၁၁၅/၂၈-၅-၂၀၂၁)အရဦးအောင်နိုင်ထွန်း (၁၂/ဒဂတ(နိုင်)၀၂၄၉၄၀)အမည်ဖြင့်မှတ်သားတည်ရှိပြီး၊၎င်းမြေကွက်၏တရားဝင်မခွဲမစိတ်ရသေးသည့်ဧရိယာ (၁・၀)ကေအားတရားဝင်ပိုင်ဆိုင် လက်ဝယ်ထားသူ ဦးအောင်နိုင်ထွန်းမှ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိအမည်ဖြင့်ရရှိထားသောမြေကွက်ဖြစ်ကြောင်း၊ရောင်းချပိုင်ခွင့်၊စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊အရှုပ်အရှင်းကင်းရှင်းကြောင်း တို့ဝန်ခံ ပြောဆို၍ ရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်သဘောတူညီသည့်အတွက်ရောင်းကြေးငွေ၏ တစ်စိတ်တစ် ဒေသကို(စရန်ငွေ)အဖြစ် ရောင်းချသူထံ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်လိုပါကယနေ့မှစပြီး(၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်းမူရင်း၊စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်၊ကန့်ကွက်မည့် သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိုပြီးမြောက်သည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုသဲမေ (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၂၄၀၇)**
**ဖုန်း-၀၉-၄၂၁၀၀၇၀၄၉၊ ၀၉-၇၉၉၆၁၅၂၀၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆-ဘီ)၊ မြေကွက်အမှတ်(၁၄)၊ အကျယ်အဝန်း (၄၀' x ၆၀')ရှိ ဒေါ်ခင်စန္ဒာအမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းဘက်ခြမ်း(၂၀' x ၆၀')မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၆၇၆/၂၀၂၂)ဖြင့် အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးမျိုးခိုင်[၁၂/ဗဟန(နိုင်)၀၇၇၂၃၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မီမီခင်[၁၂/ဥကမ(နိုင်)၁၄၆၄၁၄]က အပြီးအပိုင်ဝယ်ယူရန် ရောင်း ကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှ(၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း) များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သူဇာငြိမ်း**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၄၀၁)**
**အမှတ်(၇၉၃)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၉-၂၅၁၀၁၂၅၃၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

